မြဝတီ The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

လောကကို ရှုကျင့်သူ

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါးဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။ **လောကဝဂ်(ဓမ္မပဒ-၁၇၀)**

၁၃၈၅ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 20 March 2024 ၁၁၄၀၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံစီးပွားမြင့်မား ရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင် သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

အကြမ်းဖက်သောင်းကျန်းသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများက နည်းလမ်းမျိုးစုံဖြင့် ခြိမ်းခြောက်နှောင့်ယှက်လျက်ရှိသဖြင့် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်ဆုံးရှုံးခဲ့သူများအတွက် အထူးအစီအစဉ်ဖြင့် ဆောင်ရွက်ပေးမည်

၁။ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် Grade 12 ကျောင်းသား ကျောင်းသူများသည် တက္ကသိုလ်ဝင် စာမေးပွဲများကို ၁၁-၃-၂၀၂၄ ရက်နေ့မှ စတင်၍ ၁၉-၃-၂၀၂၄ ရက်နေ့ထိ နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများ၏ စာစစ်ဌာနအသီးသီးတွင် ဖြေဆိုခဲ့ပြီးဖြစ်ပါသည်။ သို့ရာတွင် အကြမ်းဖက်သောင်းကျန်းသူများနှင့် PDF အမည်ခံအကြမ်းဖက်သမားများက နည်းလမ်းမျိုးစုံဖြင့် ခြိမ်းခြောက်နှောင့်ယှက်လျက်ရှိသော ဒေသအချို့ရှိ ကျောင်းသား ကျောင်းသူများသည် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရန် အခွင့်အရေး ဆုံးရှုံးခဲ့ကြပါသည်။

၂။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရအနေဖြင့် ကျောင်းသား ကျောင်းသူများ၏ ပညာရေးအခွင့်အလမ်း မဆုံးရှုံးစေရန်အတွက် လုံခြုံရေးအခြေအနေအရ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရန် မှတ်ပုံတင်ထားပြီးဖြစ်သော်လည်း တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခွင့်မရခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအတွက် အထူးအစီအစဉ်တစ်ရပ်ဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၏ ပံ့ပိုးကူညီပေးမှုအရ သတ်မှတ်ထားသည့် အခြေခံပညာကျောင်းများရှိ စာစစ်ဌာနများသို့ ကျောင်းသား ကျောင်းသူများအား စုစည်းခေါ်ယူ၍ စာမေးပွဲဖြေဆိုစေခြင်းတို့ကို ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။ ဖြေဆိုမည့်နေ့ရက်နှင့် စာစစ်ဌာနများအား ထပ်မံထုတ်ပြန်သွားမည်ဖြစ်ပါသည်။

ပညာရေးဝန်ကြီးဌာန

ပုဗ္ဗသီရိမြို့နယ်၌ နွေသီးနှံများ စိုက်ပျိုးနိုင်ရန်အတွက် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ စိုက်ပျိုးရေများကို ရေပေးမြောင်းများဖြင့် ပေးဝေထားမှုကိုတွေ့ရစဉ်။

ပုဗ္ဗသီရိမြို့နယ်၌ ၂၀၂၃-၂၀၂၄ ခုနှစ် ရေသောက်နည်းလမ်းအလိုက် နွေစပါး၊ နွေနှမ်း၊ ပဲတီစိမ်းနှင့် အခြား စုစုပေါင်း ၂၁၃၅ ဧက လျာထားစိုက်ပျိုး

နေပြည်တော် မတ် ၁၉

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်၌ ၂၀၂၃-၂၀၂၄ ခုနှစ်တွင် ငလိုက်လက်ဝဲမြောင်း၊ ဆင်သေလက်ယာမြောင်း၊ တင်းဝါးချောင်း၊ နတ်မြောင်း ရေထိန်းတံခါး၊ အေးမြင့်သာယာမြစ်ရေတင်၊ ကြံဖိုစုမြစ်ရေတင်၊ ချောင်းပိတ်မြောင်းပိတ်များ၏ ရေသောက်နည်းလမ်းများအလိုက် နွေစပါး၊ နွေနှမ်း၊ ပဲတီစိမ်းနှင့် ဝါ စုစုပေါင်း ၂၁၃၅ ဧက လျာထား စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

နွေသီးနှံများ စိုက်ပျိုးရာတွင် နွေစပါးများကို ငလိုက်လက်ဝဲမြောင်းနှင့် ချောင်းပိတ်မြောင်းပိတ်ဖြင့် ၃၁၆ ဧက၊ နွေနှမ်းများကို ငလိုက်လက်ဝဲမြောင်း၊ ဆင်သေလက်ယာမြောင်း၊ တင်းဝါးချောင်း၊ နတ်မြောင်းရေထိန်းတံခါး၊ အေးမြင့်သာယာမြစ်ရေတင်၊ ကြံဖိုစုမြစ်ရေတင်၊ ချောင်းပိတ်မြောင်းပိတ်များဖြင့် ဧက ၁၀၉၀၊ ပဲတီစိမ်းများကို ငလိုက်လက်ဝဲမြောင်း၊ ဆင်သေလက်ယာမြောင်း၊ တင်းဝါးချောင်း၊ စာမျက်နှာ ၄ ကော်လံ ၁ သို့ ❖

ယနေ့ ဖတ်စရာ

တပ်မတော်သည် တိုင်းပြည်ကြီးတစ်ခုလုံးကိုမဆိုနှင့်၊ ပြည်နယ်ဒေသတစ်ခု၊ မြို့ကြီးပြကြီးတစ်ခုတလေကိုမျှ အထိအပါး အစွန်းအထင်းခံမည်မဟုတ်ပါ။ ထိပါးလာလျှင်လည်း သည်းမခံ၊ အပြတ်အသတ် ချေမှုန်းသွားမည်ဖြစ်သည်။ ယခု နယ်စပ်မြို့ ရွာပြင်ကနားများတွင် သောင်းကျန်းသူများနှင့် တိုက်ခိုက်မှုများရှိနေပါသည်။ ထိုတိုက်ပွဲများထက် လေတိုက်ပွဲများက အကြီးမားဆုံးဖြစ်နေသည်ကို တွေ့ရမည်ဖြစ်သည်။ လက်ရှိတွင် တိုက်ပွဲများကြောင့် စိတ်ထိခိုက်ကြရသည်။ လေဒဏ်သင့်၍ ပြည်သူများ စိတ်နှလုံးမသာမယာဖြစ်ကြရပါသည်။ ကာလတစ်ခုတော့ ကြာရှည်မည်ဖြစ်သည်။ မုန်တိုင်းစဲလျှင် လေပြည်လေညင်းလေးများ လာပါလိမ့်မည်။ တိုင်းရင်းသားပြည်သူအားလုံး ပြည်ထောင်စုကြီးကို ချစ်မြတ်နိုးသောစိတ်ဓာတ်များရှိရန်သာလို

ဆောင်းပါး စာမျက်နှာ » ၆

ငွေကြေးအရင်းအနှီး လိုအပ်နေသော ဆီစက်ပိုင်ရှင်များသို့ အသိပေးကြေညာချက်

စာမျက်နှာ » ၉

ကမ္ဘာ့ဒေါင်းစင်ဒရုန်းနေ့အထိမ်းအမှတ် အသိပညာပေးဆောင်းပါး

ဆောင်းပါး စာမျက်နှာ » ၁၀

(၇၉)နှစ်မြောက်တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကော့ဒိုက်ပြင်-ကော့မူးသွေ ကွန်ကရစ်လမ်းသစ်ဖွင့်

စာမျက်နှာ » ၁၇

ပြည်ထောင်စုစိတ်ဓာတ်ဖြင့် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်

လူတို့လက်၏ လက်ချောင်းငါးချောင်းသည် အရှည်အတို၊ အရွယ်အစား၊ သဘော သဘာဝတို့အလိုက် တစ်ချောင်းနှင့်တစ်ချောင်း မတူညီကြပေ။ သို့သော် လုပ်ဆောင်မှု တစ်ခုကို ဆောင်ရွက်ရာတွင် လက်ချောင်းငါးချောင်းစလုံးသည် သူ့တာဝန်နှင့်သူ တပေါင်းတစည်းတည်း ပေါင်းစုလုပ်ကိုင်ကြသည်။ အလိုရှိရာ ကိစ္စအဝဝတို့ကို ပြီးမြောက်အောင် ဆောင်ရွက်ပေးနိုင်ကြသည်။ မတူကွဲပြားသော်လည်း စည်းလုံးခြင်းသဘောဖြစ်သည်။

ကမ္ဘာပေါ်ရှိ နိုင်ငံအများစုတွင် စုပေါင်းနေထိုင်ကြသော လူမျိုးတို့သည် တစ်ဦးနှင့်တစ်ဦး ယုံကြည်ချက်၊ ခံယူချက်၊ ဝါဒ၊ လုပ်ငန်းစဉ်၊ စိတ်သဘောထားများ ကွဲပြားခြားနားကြသော်လည်း၊ တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ ရန်လိုရန်ဘက် ဖြစ်ခဲ့ကြသော်လည်း နိုင်ငံအကျိုးစီးပွားနှင့်ယှဉ်လာလျှင် တပေါင်းတစည်းတည်း စိတ်ထား ထားရှိကြသည်။ နိုင်ငံနှင့် လူမျိုးအကျိုးအတွက် အားလုံးပေါင်းရုံး လုပ်ကိုင် ဆောင်ရွက်ကြသည်။ အဆိုပါနိုင်ငံများသည် ဖွံ့ဖြိုးတိုးတက်သော နိုင်ငံများဖြစ်လာ ကြသည်။ တစ်ဦးနှင့်တစ်ဦး မတူကွဲပြား အစည်အမြဲရန်လိုမုန်းထားကြသူများ အနေဖြင့် နိုင်ငံ့အကျိုးစီးပွားကို အလေးမထား ပဋိပက္ခများနှင့်ကျင်လည်နေသည်။

မြန်မာနိုင်ငံ၏ လက်ရှိအနေအထားအရ မတူကွဲပြား ပေါင်းစည်းခြင်းကို အလေးမထားဘဲ ပဋိပက္ခအသွင်ကိုသာ အရှည်သဖြင့် ဆောင်နေသဖြင့် တိုင်းပြည် အနာဂတ်အတွက် ရင်လေးမိသည်။ လက်ရှိတွင် လက်နက်ကိုင် ပဋိပက္ခများ၊ နိုင်ငံရေး အရ သဘောထားကွဲလွဲမှုများ၊ အာဏာထူထောင်လိုမှုများ၊ သွေးခွဲသပ်လျှိုမှုများ၊ စည်းလုံးညီညွတ်မှု လျော့နည်းလာမှုများ၊ နိုင်ငံ့အကျိုးကို လျစ်လျူရှု၍ ကိုယ်ကျိုး စီးပွားရှာဖွေမှုများ၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်အားနည်းမှုများ၊ နိုင်ငံနှင့် ပြည်သူကို ဖျက်ဆီးမှုများ၊ နိုင်ငံ့အရင်းအမြစ်များကို ပျက်စီးအောင် ဖျက်ဆီးနေမှုများကြောင့် နိုင်ငံနှင့် တိုင်းရင်းသားပြည်သူများ တည်ငြိမ်အေးချမ်းမှုကင်းမဲ့ကာ ဆင်းရဲဒုက္ခများ နှင့် ကြုံတွေ့နေကြရသည်ကို သတိထားရှုမြင်သုံးသပ်ကြည့်ရမည်ဖြစ်သည်။

တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းအချို့တွင်လည်း ခေါင်းဆောင် လုပ်သူတို့က လူမျိုးစုအတွင်း ကျဉ်းမြောင်းသည့် လူမျိုးရေးမုန်းတီးမှုဝါဒကို ရိုက်သွင်း၍ အလွန်အကျွံလှုံ့ဆော်မှုများပြုလုပ်ကြပြီး အိမ်ကြီးထဲတွင် အိမ်ငယ် ဆောက်လိုသည့် ပြည်ထောင်စုပြုကွဲရန် ပိုမိုအားထုတ်လာမှုများကို သတိပြု ကာကွယ်ထိန်းသိမ်းကြရန် လိုအပ်သည်။ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် မဲမသမာမှုကိုအကြောင်းပြု၍ ဖြစ်ပေါ်လာသည့် နိုင်ငံရေးအပြောင်းအလဲတွင် အကြမ်းဖက်အဖွဲ့ NUG လက်အောက်ခံ PDF အကြမ်းဖက်အဖွဲ့နှင့် ဒေသအလိုက် ကာကွယ်ရေးအဖွဲ့အမည်ခံ လက်နက်ကိုင်အကြမ်းဖက်အုပ်စု အမျိုးမျိုးပေါ်ပေါက် လာပြီး တည်ငြိမ်အေးချမ်းမှုနှင့် အချုပ်အခြာအာဏာ ပျက်စီးဆုံးရှုံးစေရန် အကြမ်းဖက်မှုမျိုးစုံ ကျူးလွန်နေကြသည်။

တစ်ဖက်တွင် ပြည်သူလူထု အသိမှား၊ အမြင်မှား အလုပ်အကိုင်မှားအောင် ကောလာဟလသတင်းများကို ဖြန့်ဝေပေးပြီး အဆိုးမြင်စိတ်ခံစားမှုများ အဆုံးအထိ မြှင့်တင်ပေးနေကြသူများလည်းရှိသည်။ တော်လှန်ရေးဟု အမည်တပ်ပြီး ၎င်းတို့အား ထောက်ခံသူများနှင့် မသိနားမလည်သူများ၏ဘဝများကိုရင်နှီးစေတေး၍ အခွင့် အရေးနှင့်အာဏာကို အချောင်ယူရန် ကြိုးပမ်းနေကြသူများလည်းရှိသည်။ အခြေ အနေပေါ်မူတည်၍ ခေါင်းစဉ်အမျိုးမျိုးတပ်ပြီး လိမ်လည်လှည့်ဖြားကာ ကိုယ်ကျိုး ရှာသူများလည်းရှိသည်။ နိုင်ငံရေးအမြင်ထုတ်လိုသူများ၊ ကိုယ်ကျိုးရှာဖွေလိုသူများ ကို အသိဉာဏ်ဆင်ခြင်တုံတရားဖြင့် သတိထားကြရမည်ဖြစ်သလို ဝိုင်းဝန်းပူးပေါင်း ဖော်ထုတ်ကြရမည်ဖြစ်သည်။

အဆိုပါအခြေအနေများသည် မျက်မှောက်ကာလ၌ နိုင်ငံအတွင်း ဖြစ်ပေါ်နေ သော မနှစ်မြို့ဖွယ်အခြေအနေများဖြစ်သည်ကို မှန်မှန်ကန်ကန် သုံးသပ်ဆင်ခြင် နိုင်ကြသူများက နားလည်သိရှိနေကြပြီဖြစ်သည်။ တစ်ခုတည်းသောနိုင်ငံရေး၊ ဝါဒရေး၊ လူမျိုးရေး သွေးထိုးလှုံ့ဆော်ပေးမှုများကြောင့် တိုင်းရင်းသားညီအစ်ကို မောင်နှမ လူမျိုးအချင်းချင်း စိတ်ဝမ်းကွဲကြသည့်အဖြစ်များသည် စိတ်မကောင်းဖွယ်၊ စိတ်မချမ်းမြေ့ဖွယ် အခြေအနေများဖြစ်သလို မိမိတို့မျိုးဆက် တိုင်းပြည် အနာဂတ်အတွက် ရင်လေးဖွယ်ဖြစ်သည်။ အခြေအနေမှန်ကို ကောင်းစွာဆင်ခြင် သုံးသပ်ပြီး စည်းလုံးညီညွတ်မှုကို တည်ဆောက်နိုင်မှသာ တိုင်းပြည်အနာဂတ်အတွက် စိတ်အေးဖွယ်ဖြစ်မည်။ ကောင်းမွန်သော အနာဂတ်ကို တည်ဆောက်နိုင်ရန်အတွက် လုပ်သင့်လုပ်ထိုက်သော အလုပ်များကို လုပ်ကိုင်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံနှင့် လူမျိုးကို အမှန်တကယ်ချစ်မြတ်နိုးကြသည့် တိုင်းရင်းသား ပြည်သူအားလုံးက နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ထာဝရငြိမ်းချမ်းရေး၊ တိုင်းပြည် သာယာဝပြောရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံ သည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေးအတွက် ပြည်ထောင်စုအရေးကိုရှေးရှု၍ မတူကွဲပြားမှုများကိုသောဖယ်ထားပြီး ပြည်ထောင်စုစိတ်ဓာတ်ကိုအရင်းခံကာ စည်းလုံး ညီညွတ်စွာဖြင့် လက်တွဲပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

တပ်မတော်နေ့ဦးတည်ချက်များ

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေး(၃)ပါးကို တပ်မတော်၏အမျိုးသားရေးမူဝါဒအဖြစ် အမြဲဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေးကာကွယ်စောင့်ရှောက်ရေး။

(ခ) နိုင်ငံတော်၏အမျိုးသားရေး ရည်မှန်းချက်(၂)ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေ ရိက္ခာဖူလုံရေး လုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားပြည်သူလူထုတို့နှင့်အတူ တပ်မတော် သားများအနေဖြင့် ကျရာအခန်းကဏ္ဍများမှ တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

(ဂ) အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏လုပ်ငန်းစဉ်များနှင့်အညီ စွမ်းရည်(၃)ရပ် တိုးတက် မြင့်မားအောင် အစဉ်တစိုက် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက် ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေးအတွက် လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

၂၀၂၄ ခုနှစ် ကမ္ဘာ့မူပိုင်ခွင့်နေ့အထိမ်းအမှတ် ပြိုင်ပွဲဖိတ်ခေါ်

နေပြည်တော် မတ် ၁၉

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မူပိုင်ခွင့်ဦးစီးဌာနသည် ၂၀၂၄ ခုနှစ် ဧပြီ ၂၆ ရက်တွင် ကမ္ဘာ့မူပိုင်ခွင့်နေ့အခမ်းအနားကို ကျင်းပပြုလုပ်မည်ဖြစ်ရာ ကမ္ဘာ့မူပိုင်ခွင့်နေ့အထိမ်းအမှတ် ဆောင်ပုဒ်ဖြစ်သည့် "Building Our Common Future with Innovation and Creativity" ခေါင်းစဉ်ဖြင့် Animation၊ ကွန်ပျူတာပိုစတာနှင့် TikTok ပြိုင်ပွဲများ အား မြန်မာနိုင်ငံသား တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ပါဝင်ယှဉ်ပြိုင်နိုင်ရန် ဖိတ်ခေါ်ထားသည်။

အဆိုပါ ပြိုင်ပွဲစည်းကမ်းသတ်မှတ်ချက်များကို မူပိုင်ခွင့်ဦးစီးဌာန ဝက်ဘ်ဆိုက်၏ သတင်းများ(news) Menu အောက်ရှိ ပြိုင်ပွဲဖိတ်ခေါ်ခြင်း စာမျက်နှာဖြစ်သည့် https:// www.ipd.gov.mm /news/post-97 လင့်ခ်တွင် အသေးစိတ်လေ့လာနိုင်ကြောင်းနှင့် ပြိုင်ပွဲဝင် "Animation၊ ကွန်ပျူတာပိုစတာနှင့် TikTok" လက်ရာများ၏ Hard copy ကို မူပိုင်ခွင့်ဦးစီးဌာန ရုံးအမှတ်(၅၂) နေပြည်တော်သို့ လူကိုယ်တိုင် (သို့မဟုတ်) စာတိုက်မှ လည်းကောင်း၊ Soft Copy များကို worldipdaycontest@ipdept.gov.mm သို့လည်းကောင်း ၂၀၂၄ ခုနှစ် ဧပြီ ၉ ရက်မွန်းလွဲ ၃ နာရီတွင် နောက်ဆုံးထား၍ ဆက်သွယ်ပေးပို့ရမည်ဖြစ်သည်။

ဆုများကို သက်ဆိုင်ရာ ပြိုင်ပွဲအမျိုးအစားအလိုက် ပထမ၊ ဒုတိယနှင့် တတိယဆုတို့ကို ၂၀၂၄ ခုနှစ် ဧပြီ ၂၆ ရက်တွင် ကျင်းပပြုလုပ်မည့် ကမ္ဘာ့မူပိုင်ခွင့်နေ့အခမ်းအနားတွင် ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၉- ၃ -၂၀၂၄

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၈,၅၀၀	၈,၅၀၀	၉၄	၇၉၉,၀၀၀
MTSH	၂,၈၅၀	၂,၉၀၀	၅,၂၃၃	၁၄,၉၁၆,၆၅၀
MCB	၇,၅၀၀	၇,၇၀၀	၅၆၉	၄,၃၇၅,၅၀၀
FPB	၁,၅၀၀	၁,၄၅၀	၁,၄၃၀	၂,၀၇၉,၀၀၀
TMH	၂,၄၅၀	၂,၄၅၀	၀	၀
EFR	၁,၇၅၀	၁,၇၅၀	၆	၁၀,၅၀၀
AMATA	၄,၆၀၀	၄,၆၀၀	၁၁	၅၀,၆၀၀
MAEX	၁,၇၅၀	၁,၇၅၀	၈၆	၁၅၀,၅၀၀

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ

အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦ၊ ဒေါ်နေဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေးရုံး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ဌေစာရင်း ၀၁-၂၉၁၄၄၇၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေး ၂၀၂၄ ခုနှစ် နှစ်(၅၀)ပြည့် ရွှေရတုမွန်ပြည်နယ်နေ့ အထိမ်းအမှတ်အခမ်းအနားနှင့် ပြည်နယ်ဂုဏ်ထူးဆောင်ဆုများ ချီးမြှင့်ခြင်းအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

မော်လမြိုင် မတ် ၁၉

၂၀၂၄ ခုနှစ် နှစ်(၅၀)ပြည့် ရွှေရတုမွန်ပြည်နယ်နေ့အခမ်းအနားနှင့် ပြည်နယ်ဂုဏ်ထူးဆောင်ဆုများချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး တက်ရောက်ချီးမြှင့်သည်။

ဦးစွာ နှစ် (၅၀) ပြည့်ရွှေရတု မွန်ပြည်နယ်နေ့အခမ်းအနားကို မော်လမြိုင်မြို့ သမိန်ဗရမ်း (ဘက်စုံသုံးကွင်း)၌ ကျင်းပရာ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူးနှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ပိုးရယ်အောင်သိန်း၊ မန်းငြိမ်းမောင်၊ ဒေါက်တာမှူထန်၊ ခွန်စံလွင်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးမင်းနောင်၊ ဦးလှမိုးနှင့် Jeng Phang နော်တောင်၊ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်လင်းမောင်၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး ၂၀၂၄ ခုနှစ် နှစ်(၅၀)ပြည့် ရွှေရတုမွန်ပြည်နယ်နေ့ အထိမ်းအမှတ် သဝဏ်လွှာ ဖတ်ကြားစဉ်။

အခမ်းအနားတွင် တက်ရောက်လာကြသူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများနှင့် ရဲဘော်အပေါင်းတို့အား အလေးပြုကြသည်။

ဖတ်ကြား

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုခမွမင်းအောင်လှိုင်ထံမှ ပေးပို့သည့် ၂၀၂၄ ခုနှစ် နှစ်(၅၀) ပြည့် ရွှေရတုမွန်ပြည်နယ်နေ့အထိမ်းအမှတ် သဝဏ်လွှာကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးက ဖတ်ကြားသည်။

ယင်းနောက် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက နှစ်(၅၀)ပြည့်ရွှေရတု မွန်ပြည်နယ်နေ့အထိမ်းအမှတ် နှုတ်ခွန်းဆက်စကား ပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တက်ရောက်

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများနှင့်အတူ မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည့် နှစ်(၅၀)ပြည့် ရွှေရတု မွန်ပြည်နယ်နေ့အထိမ်းအမှတ် ပြည်နယ်ဂုဏ်ထူးဆောင်ဆုများ ချီးမြှင့်ခြင်း အခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက ဂုဏ်ပြုစကား ပြောကြားသည်။

ထို့နောက် မွန်ပြည်နယ်၏ ရိုးရာဓလေ့ထုံးတမ်းများ၊ ရိုးရာလက်မှုလုပ်ငန်းများ၊ ထင်ရှားကျော်ကြားလှသည့် ခရီးစဉ်ဒေသများအား ဂုဏ်ပြုဖော်ကျူးထားသည့် အလှဖြာဝေ ရာမညဌာနေ Video Clip ကို ပြသသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးက ပြည်နယ်ဂုဏ်ထူးဆောင်ထူးချွန်ဆုများဖြစ်ကြသည့် စီးပွားရေးထူးချွန်မှု ဂုဏ်ထူးဆောင်ဆု၊ စိုက်ပျိုးရေးထူးချွန်မှု ဂုဏ်ထူးဆောင်ဆု၊ မွေးမြူရေးထူးချွန်မှုဂုဏ်ထူးဆောင်ဆု၊ စက်မှုလက်မှုထူးချွန်မှု ဂုဏ်ထူးဆောင်ဆုနှင့် စီမံခန့်ခွဲရေးထူးချွန်မှု ဂုဏ်ထူးဆောင်ဆု ရရှိသူများကို ဆုများပေးအပ်ချီးမြှင့်ပြီး ဆုရရှိသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

စာမျက်နှာ ၄ သို့ ★

နှစ်(၅၀)ပြည့် ရွှေရတု မွန်ပြည်နယ်နေ့အထိမ်းအမှတ် ပြည်နယ်ဂုဏ်ထူးဆောင်ဆုများ ချီးမြှင့်ခြင်း အခမ်းအနားကျင်းပစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှူထန် ပြည်နယ်ဂုဏ်ထူးဆောင်ထူးချွန်ဆု ရရှိသူများအား ဆုပေးအပ်ချီးမြှင့်စဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင် ပြည်နယ်ဂုဏ်ထူးဆောင်ထူးချွန်ဆု ရရှိသူများအား ဆုပေးအပ်ချီးမြှင့်စဉ်။

★ **စာမျက်နှာ ၃ မှ**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသည့် ပိုးရယ်အောင်သိန်း၊ မန်းငြိမ်းမောင်၊ ဒေါက်တာမူထန်နှင့် ခွန်စံလွင်တို့က ပြည်နယ်ဂုဏ်ထူးဆောင် ထူးချွန်ဆုရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆိုလာအစုံ ၁၅၀ ပေးအပ်

ထို့နောက် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က ပြည်နယ်အတွင်းရှိကျေးရွာများ မီးလင်းရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ဆိုလာအစုံ ၁၅၀ အား ပြည်နယ်ဝန်ကြီးချုပ်ထံ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူးနှင့်အဖွဲ့သည် မုဒုံမြို့ရှိ Fuxing Brother Rubber Industrial Co.,Ltd သို့ ရောက်ရှိကြရာ စက်ရုံတာဝန်ရှိသူက စက်ရုံသမိုင်းကြောင်း၊ ရည်ရွယ်ချက်နှင့် ရော်ဘာထုတ်လုပ်မှုလုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးနှင့် အဖွဲ့သည် စက်ရုံအတွင်း ရော်ဘာကုန်ကြမ်းမှ ကုန်ချော အဖြစ် အဆင့်ဆင့်ထုတ်လုပ်ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးနှင့် အဖွဲ့သည် မော်လမြိုင်မြို့ရှိ Myanmar Lighting (IPP) Co.,Ltd ၏ ၂၃၀ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံးဓာတ်အားပေးစက်ရုံသို့ ရောက်ရှိကြရာ တာဝန်ရှိသူက စက်ရုံ၏ စီမံကိန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးနှင့်အဖွဲ့သည် စက်ရုံအတွင်း လုပ်ငန်းဆောင်ရွက်လည်ပတ်နေမှု အခြေအနေများကို ကြည့်ရှုကြသည်။

ညပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးနှင့်အဖွဲ့သည် သမိန်ဗရမ်း (ဘက်စုံသုံးကွင်း)၌ ကျင်းပသည့် မွန်ပြည်နယ်နေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲနှင့် မွန်တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားသို့ တက်ရောက်ကြသည်။

ဦးစွာ မွန်ရိုးရာယဉ်ကျေးမှုအဖွဲ့က နှစ်(၅၀)ပြည့် ရွှေရတုမွန်ပြည်နယ်နေ့ ဂုဏ်ပြုသီချင်းဖြင့် ဖျော်ဖြေတင်ဆက်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးက မွန်တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အတီးပြိုင်ပွဲ၏ ရိုးရာယိမ်းအက အဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုရရှိကြသည့် ယိမ်းအဖွဲ့များကို ဆုများ ပေးအပ်ချီးမြှင့်သည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဌေး မွန်ရိုးရာယဉ်ကျေးမှု အဆိုအကများဖြင့် ဖျော်ဖြေတင်ဆက်သည့် အဖွဲ့များကို ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဌေး မုဒုံမြို့ရှိ Fuxing Brother Rubber Industrial Co.,Ltd ၌ ရော်ဘာထုတ်လုပ်နေမှုကို ကြည့်ရှုစဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မွန်တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အတီးပြိုင်ပွဲတွင် ဘာသာရပ်အလိုက် ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုရရှိကြသူများကို ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးနှင့်အဖွဲ့သည် မွန်ပြည်နယ်နေ့အထိမ်းအမှတ် ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ကြပြီး မွန်ပြည်နယ် ရိုးရာယဉ်ကျေးမှုအဖွဲ့များ၏ ရိုးရာအကအလှများနှင့် တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြကာ မွန်ရိုးရာယဉ်ကျေးမှု အဆိုအကများဖြင့် ဖျော်ဖြေတင်ဆက်သည့် အဖွဲ့များကို ဂုဏ်ပြုဆုငွေ ကျပ်သိန်း ၅၀နှင့် ဂုဏ်ပြုပန်းခြင်း ပေးအပ်ချီးမြှင့်သည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် မွန်ပြည်နယ်အတွင်း စိုက်ပျိုးရေးနှင့် သုတေသနလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁၉

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယမန်နေ့ နံနက်ပိုင်းတွင် မွန်ပြည်နယ် မုဒုံမြို့နယ်ရှိ စိုက်ပျိုးရေး ဦးစီးဌာန ဟင်းသီးဟင်းရွက်နှင့် အပင်ဇီဝနည်းပညာဌာနခွဲ ကန်ကလေးဥယျာဉ်ခြံသို့ ရောက်ရှိရာ ခြံတာဝန်ခံက သစ်သီးဝလံစိုက်ပျိုးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက်များနှင့် မျိုးကောင်း၊ မျိုးသန့်ပျိုးပင်များ ထုတ်လုပ်ဖြန့်ဖြူးခြင်းလုပ်ငန်းများ၊ အသုံးချသုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ GAP နှင့် အော်ဂဲနစ် Organic ဆိုင်ရာ နည်းပညာများ ပြန့်ပွားရေး ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းဆိုင်ရာလိုအပ်ချက်များ ဆွေးနွေးမှာကြား၍ ဒူးရင်း၊ ကလော စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန တာဝန်ရှိသူက မော်လမြိုင်မြို့အနီးတွင် တည်ဆောက်မည့် နိုင်ငံတကာအဆင့်မီ အပြည်ပြည်ဆိုင်ရာ လေယာဉ်ကွင်းအသစ်တည်ဆောက်ရေးစီမံကိန်းအတွက် ပင်မလေဆိပ်ဧရိယာ၊ ရေလွှဲတူးမြောင်းတူးဖော်ခြင်း၊ ကျေးလက်ရှောင်ကွင်းလမ်းနှင့် လေဆိပ်အဝင်လမ်းမကြီးဖောက်လုပ်ခြင်းစသည့် စီမံကိန်းလုပ်ငန်းများ၏ မြေယာအသုံးချမှု၊ မြေယာလျော်ကြေးနစ်နာကြေးများ ပေးချေပြီးစီးမှု၊ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) ပြင်ဆင်ပယ်ဖျက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ သက်ဆိုင်ရာဌာနများ၏ လယ်ယာမြေကို အခြားနည်းအသုံးပြုခွင့် လျှောက်ထားမှုနှင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ ဧရိယာပါဝင်မှုအခြေအနေများကို တင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်ချက်များ ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စိုက်ပျိုးရေးဦးစီးဌာန၊ နှစ်ရှည်သီးနှံဌာနခွဲ၊ နှစ်ရှည်ပင်များ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ(မုဒုံ)၏ ရော်ဘာမျိုးများ သုတေသနပြုဖြန့်ဖြူးနေမှုများကို ကြည့်ရှုစစ်ဆေးပြီး မျိုးကောင်းမျိုးသန့် ရော်ဘာဖူးဆက်ပျိုးပင်များ ထုတ်လုပ်ဖြန့်ဖြူးပေးရန်၊ ရေမြေဒေသနှင့်ကိုက်ညီသည့် အထွက်နှုန်းကောင်းမွန်သော ရော်ဘာမျိုးကောင်းမျိုးသန့်များ ပေါ်ထွက်လာစေရေး သုတေသနပြုဆောင်ရွက်ရန်၊ တောင်သူများနှင့် ဝန်ထမ်းများ စွမ်းဆောင်ရည်မြင့်မားစေရေးအတွက် သင်တန်းနှင့်ပညာပေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန် လိုအပ်ချက်များကို တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မုဒုံမြို့နယ်ရှိ အဇင်ရေလှောင်တမံ၏ ဝင်ရေသိုလှောင်ထားရှိမှု၊ တမံကြွံခိုင်မှုနှင့် စပါးသီးနှံ၊ ဥယျာဉ်ခြံသီးနှံနှင့် စိုက်ပျိုးဧရိယာများအတွက် စိုက်ပျိုးရေပေးဝေနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ရေလှောင်တမံ ရေရှည်အကျိုးရှိစွာအသုံးပြုနိုင်ရေး၊ ရေသောက်ဧရိယာအတွင်းရှိ စိုက်ပျိုးသည့်သီးနှံနှင့် ရေပေးဝေမှုဟန်ချက်ညီဖြစ်စေရေး စနစ်တကျဆောင်ရွက်ရန် တာဝန်ရှိသူများအား ဆွေးနွေးမှာကြား၍ မုဒုံမြို့နယ် စိုက်ပျိုးရေးသုတေသနဦးစီးဌာန အဇင်း(၂)ခြံတွင် ပြည်တွင်း ပြည်ပ ဒူးရင်းသီးမျိုးများအား သုတေသနပြုစိုက်ပျိုးထားရှိမှုကို စစ်ဆေးကြည့်ရှုသည်။

ထို့ပြင် မွန်ပြည်နယ် မော်လမြိုင်မြို့ စိုက်ပျိုးရေးဦးစီးဌာန နှစ်ရှည်ပင်များ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံတွင် ဆောင်ရွက်လျက်ရှိသည့် ဖူးဆက်ရော်ဘာပျိုးပင်များ ထုတ်လုပ်ဖြန့်ဖြူးခြင်းလုပ်ငန်း၊ ရော်ဘာမျိုးကိုင်းပွားစိုက်ခင်းနှင့် ရော်ဘာသုတေသနလုပ်ငန်း ဆောင်ရွက်နေမှုများ၊ ဆီအုန်းမျိုးသုတေသနပြုဆောင်ရွက်နေမှုများနှင့် ရော်ဘာပင်များအကြား ကိုကိုးပင်များစမ်းသပ်စိုက်ပျိုးထားရှိမှုများကို ခြံတာဝန်ခံက ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ရေမြေဒေသနှင့်ကိုက်ညီပြီး အရည်အသွေးနှင့် အထွက်နှုန်းကောင်းမွန်သော နှစ်ရှည်သီးနှံမျိုးကောင်းမျိုးသန့် မျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးခြင်းကို ပုဂ္ဂလိကကဏ္ဍမှလည်း ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေး နည်းပညာပေး၍ ပူးပေါင်းကူညီဆောင်ရွက်ပေးရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

❖ **ရှေ့ဖုံးမှ**

နတ်မြောင်းရေထိန်းတံခါး၊ အေးမြင့်သာယာ မြစ်ရေတင်၊ ကြံဖိုစုမြစ်ရေတင်၊ ချောင်းပိတ်မြောင်းပိတ်များဖြင့် ၆၁၁ ဧက၊ အခြားသီးနှံများကို ငလိုက်လက်ဝဲမြောင်း၊ တင်ဝါးချောင်း၊ နတ်မြောင်းရေထိန်းတံခါး၊ အေးမြင့်သာယာ မြစ်ရေတင်၊ ချောင်းပိတ်မြောင်းပိတ်များဖြင့် ၁၁၈ ဧက စုစုပေါင်း ၂၁၃၅ ဧက လျာထားစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

နွေသီးနှံများပျိုးထောင်စိုက်ပျိုးရာမှ စတင်၍ ရိတ်သိမ်းချိန်အထိ အောင်မြင်စွာစိုက်ပျိုးနိုင်ရေး မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ စိုက်ပျိုးရေများကို မတ် ၁၅ရက်မှစ၍ ၂၅ ရက်အထိ ရေပေးမြောင်းများအလိုက် အလှည့်ကျစနစ်ဖြင့် ပြည့်ဝစွာပေးဝေလျက်ရှိကြောင်း သိရသည်။

သန်းသန်းနွယ်(ပုဇွန်)

မြန်မာ့ပင်လယ်ပြင်အခြေအနေ

နေပြည်တော် မတ် ၁၉

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ရန်ကုန်မြို့ရှိ ပြန်ကြားရေးဝန်ကြီးဌာနအောက် ဦးစီးဌာန၊ လုပ်ငန်းများမှ အရာထမ်း၊ အမှုထမ်းများနှင့်တွေ့ဆုံ

လူငယ်များအား ဘာသာ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများကို လေးစားလိုက်နာပြီး အသိပညာမြင့်မားနေစေရန် မီဒီယာနည်းလမ်းများဖြင့် ဆောင်ရွက်

ရန်ကုန် မတ် ၁၉

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်မြို့ ပြည်လမ်းရှိမြန်မာ့အသံနှင့် ရုပ်မြင်သံကြား(ရန်ကုန်) Studio –A ၌ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန၊ လုပ်ငန်းများမှ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံသည်။

ကြည့်ရှုအားပေး

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(ရန်ကုန်) သို့ ရောက်ရှိပြီး Studio–1 ၌ Quiz Time အစီအစဉ်တွင် ပါဝင်ယှဉ်ပြိုင်သည့် မလမင်းဖူးပြည့် [Grade–6 အထက(၁) ဒဂုံ] ၏ ကျွမ်းဘားသရုပ်ပြရိုက်ကူးနေမှုနှင့် မောင်သက်ထူးစံ (Grade–6 TTC) ၏ Saxophone Performance Show ရိုက်ကူးနေမှုတို့ကို ကြည့်ရှုပြီး အားပေးစကားပြောကြားကာ ဂုဏ်ပြုဆုငွေများ ပေးအပ်သည်။

ထို့နောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(ရန်ကုန်) Studio –A ၌ပြုလုပ်သည့် ပတ္တမြားကေခိုင်စီစဉ်တင်ဆက်သည့် ရယ်ရွှင်ပျော်ဟာသတစ်ခန်းရုပ်ပြဇာတ် ရိုက်ကူးတင်ဆက်နေမှုကို ကြည့်ရှုအားပေးသည်။

ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ရန်ကုန်မြို့ရှိ ပြန်ကြားရေးဝန်ကြီးဌာနအောက် ဦးစီးဌာန၊ လုပ်ငန်းများမှ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားစဉ်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန၊ လုပ်ငန်းများမှ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံသည်။

ဦးစွာ နိုင်ငံတော်တည်ဆောက်ရေးနှင့် နိုင်ငံတော်မိဒီယာ၏ အခန်းကဏ္ဍ Video Clip ကို ပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ယနေ့ ရန်ကုန်တိုင်းဒေသကြီး အတွင်း၌ တာဝန်ထမ်းဆောင်နေသော မိမိတို့ဝန်ထမ်းများကို အင်အားအသစ်များ ရရှိစေရန် ယခုကဲ့သို့ တွေ့ဆုံရခြင်း ဖြစ်ပါကြောင်း၊ မိမိတို့ အားလုံးတွင် ရည်မှန်းချက်ကိုယ်စီ ရှိကြသော်လည်း မိမိတို့အားလုံး၏ ဆုံချက်မှာ အနာဂတ်နိုင်ငံတော်ကြီး အေးချမ်းသာယာပြီးဖွံ့ဖြိုးတိုးတက်စေရေးပင် ဖြစ်ပါကြောင်း၊ ယနေ့ကမ္ဘာတွင် AI နည်းပညာများ ဖွံ့ဖြိုး တိုးတက်လာမှုကြောင့် နည်းပညာတိုက်ပွဲများ ကြုံတွေ့လာနိုင်သဖြင့် မီဒီယာနှင့်ပတ်သက်သည့် နည်းပညာရပ်များကို ကိုယ်စီလေ့လာ ဆည်းပူးကြစေလိုကြောင်း၊ မိမိတို့ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်အစိုးရ၏ လုပ်ဆောင်ချက်များကို မျက်ခြည်မပြတ် စောင့်ကြည့်လေ့လာ၍ ပြည်သူများအား မှန်ကန်သည့် သတင်းအချက်အလက်များ ဖြန့်ဝေနေရမည် ဖြစ်ကြောင်း။

ယနေ့ လူငယ်အချို့သည် အတွေးအခေါ်၊ အယူအဆ လွဲမှားမှုကြောင့် လမ်းမှားရောက်နေသည့်အတွက် ၎င်းတို့အား လမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိစေရန် မိမိတို့အားလုံး ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ထို့ပြင် လူငယ်များအား ဘာသာ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများကို လေးစားလိုက်နာပြီး အသိပညာမြင့်မားနေစေရန် လည်း မီဒီယာနည်းလမ်းများဖြင့် ဆောင်ရွက်ပေးကြစေလိုကြောင်း၊ မိမိတို့ အားလုံးအနေဖြင့် ယနေ့ကြုံတွေ့နေရသည့် အခက်အခဲများကို ကောင်းမွန်စွာ ကျော်လွှားရန်နှင့် အနာဂတ်တွင် အလားတူအခက်အခဲများ မကြုံတွေ့အောင် ပြည်သူများနှင့် အတူတကွ ဆောင်ရွက်ကြရန် လိုကြောင်း၊ မိမိတို့နိုင်ငံတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ခေတ်အဆက်ဆက် လုပ်ဆောင်ခဲ့ပြီး နောင်တွင်လည်း ဆက်လက်ဆောင်ရွက်နေရမည် ဖြစ်ကြောင်း။

ဝန်ထမ်းများအနေဖြင့် မိမိနိုင်ငံ၏ ပထဝီနိုင်ငံရေး အနေအထားနှင့် ပထဝီစီးပွားရေးဆိုင်ရာ အတွေးအမြင်များဖြင့် နိုင်ငံကို အကျိုးပြုကြ စေလိုကြောင်း၊ ဝန်ကြီးဌာနအတွင်းရှိ ဝန်ထမ်းများအားလုံး စည်းလုံးညီညွတ်စွာ တာဝန် ထမ်းဆောင်ကြရန်နှင့် ပြည်သူကို ကောင်းမွန်စွာ အလုပ်အကျွေးပြုကြရန် လိုပါကြောင်း၊ အထူးသဖြင့် မိမိတို့ဝန်ကြီးဌာနသည် ပြည်သူများနှင့် နိုင်ငံတော်အစိုးရကို ပေါင်းကူးဆက်သွယ်ပေးရသည့် ဌာနကြီးတစ်ခုဖြစ်သဖြင့် တာဝန်ကြီးမားသည်ကို ဝန်ထမ်းတိုင်း သိရှိထားရမည်ဖြစ်ကြောင်း။

ပြည်သူ့စစ်မှုထမ်း ဥပဒေကို ကမ္ဘာ့နိုင်ငံအသီးသီးတွင် ပြဋ္ဌာန်းကျင့်သုံးနေပြီး မိမိတို့နိုင်ငံတွင်လည်း ကျင့်သုံးသွားမည်ဖြစ်ပါကြောင်း၊ အမိနိုင်ငံကို စောင့်ရှောက်ကာကွယ်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိပါကြောင်း၊ တစ်နည်းအားဖြင့် နိုင်ငံတိုင်းသည် မိမိနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို ဖော်ဆောင်ရန် နည်းလမ်းမျိုးစုံဖြင့် ပံ့ဖော်နေကြသည့်အတွက် မိမိတို့ဝန်ထမ်းများအနေဖြင့် နိုင်ငံအကျိုး၊ ပြည်သူများ၏ အကျိုးကို အစဉ်ရှေးရှု ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပြည်သူ့စစ်မှုထမ်း ဥပဒေနှင့်ပတ်သက်သည့် မှန်ကန်သော သတင်းအချက်အလက်များကိုရယူပြီး ကောလာဟလများကို ဆန်းစစ်ဝေဖန်နိုင်ရမည် ဖြစ်ကြောင်း၊ မှန်ကန်သော သတင်းအချက်များရရှိပါက စစ်မှုထမ်း ဥပဒေနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုများ ပပျောက်သွားမည် ဖြစ်ကြောင်း၊ တိုက်ပွဲဖြစ်ပွားနေသည့် နေရာများသို့ ယခုစစ်မှုထမ်းလာမည့် လူငယ်လူရွယ်များအား စေလွှတ်မည်ဆိုသည့် သတင်းများမှာ သတင်းအမှား၊ ကောလာဟလများသာဖြစ်ကြောင်း ပြောကြားသည်။

ကံစမ်းမဲ ဖောက်ပေး

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများက တက်ရောက်လာကြသည့် ဦးစီးဌာန၊ လုပ်ငန်းများမှ အရာထမ်း၊ အမှုထမ်းများအတွက် DTH စလောင်း ငါးစုံနှင့် Set–top Box အလုံး ၁၀၀ တို့ကို ကံစမ်းမဲဖောက်ပေးပြီး ဝန်ထမ်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

နံနက်ပိုင်း ကလည်း ပြည်ထောင်စု ဝန်ကြီးသည် ရန်ကုန်မြို့ ဒဂုံမြို့နယ် ပဒုမ္မာလမ်းရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ကုန်ကြမ်းသိုလှောင်ရုံအဆောက်အအုံကို သွားရောက်ကြည့်ရှု စစ်ဆေးခဲ့သည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဒဂုံမြို့နယ် ပဒုမ္မာလမ်းရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ကုန်ကြမ်းသိုလှောင်ရုံအဆောက်အအုံကို ကြည့်ရှုစစ်ဆေးစဉ်။

မအူပင်ခရိုင်နှင့် ဖျာပုံခရိုင်အတွင်းရှိ ဆည်မြောင်းလုပ်ငန်းများအား ကွင်းဆင်းကြည့်ရှု

ဖျာပုံ မတ် ၁၉

၂၀၂၃ -၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ညောင်တုန်းမြို့နယ်အတွင်းရှိ ဂန်ချောင်း ပန်းတာ၊ ဖြတ်တာ တည်ဆောက်ခြင်းလုပ်ငန်းများနှင့် ဖျာပုံခရိုင် ဖျာပုံမြို့နယ် ကြက်ဖမွေးဇောင်းကျွန်းပတ်တာအတွင်းရှိ ရေချိုရရှိရေးလုပ်ငန်းများ၏ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို မတ် ၁၇ ရက် နံနက်ပိုင်းတွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ဖျာပုံမြို့နယ် ကြက်ဖမွေးဇောင်းကျွန်းပတ်တာအတွင်း ပြည်ထောင်စုရန်ပုံငွေဖြင့် မမိုးသူရေချိုသွင်းရေတံခါး တစ်လုံးနှင့် ရေချိုသွင်းမြောင်းကိုးမြောင်း တူးဖော်ပေးနိုင်ခဲ့ပြီး မူလနွေစပါး စိုက်ပျိုးဧရိယာ ဧကခြောက်ထောင်ခန့် စိုက်ပျိုးလျက်ရှိရာ ယခုနှစ်တွင် ဧကတစ်သောင်းကျော်အထိ တိုးတက်စိုက်ပျိုးလာနိုင်သည့်အခြေအနေများကို ကွင်းဆင်းကြည့်ရှု၍ ဒေသခံတောင်သူများနှင့် တွေ့ဆုံခဲ့သည်။

နွေစပါးစိုက်ဧရိယာ တိုးတက်စိုက်ပျိုးလာနိုင်မည်

အဆိုပါ ကြက်ဖမွေးဇောင်းကျွန်းပတ်တာအတွင်း လာမည့်နှစ်များတွင် ရေချိုသွင်းမြောင်းများ တူးဖော်ခြင်း၊ ရေငန်မဝင်ရောက်စေရန်နှင့် ရေချိုထိန်းနိုင်ရန် ဖလက်နှင့် ဝါးချောင်းစသည့် ရေတံခါးများ ပြုပြင်ခြင်းနှင့် ရေချိုသွင်းရေတံခါးတည်ဆောက်ခြင်း လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး လုပ်ငန်းဆောင်ရွက်ပြီးစီးပါက

နွေစပါးစိုက်ဧရိယာဧက ၂၉၈၀၀ အထိ တိုးတက်စိုက်ပျိုးလာနိုင်မည် ဖြစ်ကြောင်း သိရသည်။ ၂၀၇

တပ်မတော်နေ့ အကြိုဂုဏ်ပြုဆောင်းပါး

ပြည်ထောင်စုအကျိုးကို တပ်မတော်နှင့်အတူ ညီညာစွာ သယ်ပိုးထမ်းဆောင်ကြပါစို့

ကိုရေချမ်း

နိုင်ငံတစ်ဝန်းရှိ အရွယ်ရောက်သူ အများပြည်သူတို့သည် အခြေခံပညာ ကျောင်းနေစဉ်က နိုင်ငံတော်သီချင်းကို အားလုံးသီဆိုခဲ့ဖူးကြပါသည်။ **"ကမ္ဘာမကျေ မြန်မာပြည်၊ တို့ဘိုးဘွားအမွေစစ်မို့၊ ချစ်မြတ်နိုးပေ။ ပြည်ထောင်စုကို အသက်ပေးလို့ တို့ကာကွယ်မလေ၊ ဒါတို့ပြည် ဒါတို့မြေ တို့ပိုင်နက်မြေ။ တို့ပြည် တို့မြေ အကျိုးကို ညီညာစွာတို့တစ်တွေ ထမ်းဆောင်ပါစို့လေ တို့တာဝန်ပေ အဖိုးတန်မြေ။"**

ဤသီချင်းသည် မြန်မာနိုင်ငံ၏ နိုင်ငံတော်သီချင်း ဖြစ်သည်။ ဤသီချင်းကို ဝိုင်အမ်ဘီ ဆရာတင် ခေါ် သခင်တင် ရေးစပ်သီကုံးခဲ့သည်။ လွတ်လပ်ရေးမရမီ ၁၉၄၇ ခုနှစ် စက်တင်ဘာလ ၂၂ ရက်နေ့တွင် တိုင်းပြု ပြည်ပြုလွှတ်တော် တတိယ ညီလာခံ ဆဋ္ဌမမြောက် အစည်းအဝေးတွင် "ကမ္ဘာမကျေ" သီချင်းကို နိုင်ငံတော် သီချင်းအဖြစ် အတည်ပြုသတ်မှတ်ခဲ့သည်။ ယနေ့ထက်တိုင် နိုင်ငံတော်အခမ်းအနားများ၊ အားကစားအောင်ပွဲများ၊ ကျောင်းများ၊ လူထုအဖွဲ့အစည်းများတွင် ရှေးဦးဂုဏ်ပြု သီဆိုလေ့ရှိသည်။

ကမ္ဘာတည်သရွေ့

ကမ္ဘာမကျေဆိုသည့်သီချင်း၏ "ကမ္ဘာ" ဆိုသည်မှာ ကမ္ဘာမြေကြီးကို ဆိုလိုခြင်းမဟုတ်၊ "မကျေ"ဆိုသည်မှာ မကျေနပ်ခြင်းကို ဆိုလိုခြင်းမဟုတ်၊ အချိန်ကာလ ကမ္ဘာပေါင်းများစွာ ကြာသော်လည်း မကျေမပျက်၊ မပျက်မစီးဘဲ တည်ရှိနေခြင်းကို ဆိုလိုခြင်းဖြစ်သည်။ ဆရာကြီး သခင်ဘသောင်းက "ယူဇနာ နှစ်သိန်း လေးသောင်းအထုရှိသည့် ဤကမ္ဘာမြေကြီး ကျေပျက်မသွားသမျှ ကာလပတ်လုံး မြန်မာပြည်သည် ငါတို့ပိုင်သည့်ပြည် ဖြစ်သည်"ဟု အဓိပ္ပာယ်ဖွင့်ဆိုခဲ့သည်။ ဤမြန်မာပြည် မြန်မာနယ်နိမိတ်မြေပုံသည် နှစ်ပေါင်းထောင်ချီ မပျက်စီး ယနေ့ထက်တိုင် အခွန့်ရှည် တည်တံ့လျက်ရှိသည်။ ကမ္ဘာမြေကြီး မပျက်စီးသရွေ့၊ ကမ္ဘာကြီး တည်ထွန်းသရွေ့ ဆက်လက်တည်တံ့နေမည်ဖြစ်သည်။

ဤသီချင်းကို သီဆိုလိုက်တိုင်း မျိုးချစ်စိတ်ဓာတ်၊ အမျိုးသားအားမာန်၊ တိုင်းပြည်ချစ်စိတ်များ တဖွားဖွား ဖြစ်ပေါ်လာသည်။ တစ်မျိုးသားလုံးစုရုံးညီညာစိတ်ဓာတ်အားခွန်များ နိုးကြားလာသည်။ အသည်းဘဝင်အူလှိုက် တလှိုက်လှိုက် တက်လာသော ဇာတိမာန်စိတ်ဟု ဆိုရမည်ဖြစ်သည်။ ဤသီချင်းကို တစ်မျိုးသားလုံး တစ်တိုင်းပြည်လုံး သီကြွေးဟစ်ဆိုကြမည်ဆိုလျှင် အထက်ဘဝဂ်သို့တိုင် သိမ့်သိမ့်တုန်ဟည်းပြီး တစုတစည်းတည်းသော လူမျိုး၊ တပေါင်းတစုတည်း သောနိုင်ငံကြီးအလား ခံစားရသည်။ သို့မို့ကြောင့် အဖိုးတန် တို့ပြည် တို့မြေကြီးကို တန်ဖိုးထားကြရပေမည်၊ ချစ်မြတ်နိုးရပေမည်။ တို့ပြည်ထောင်စုကြီးအကျိုးကို ညီညာစွာသယ်ပိုး ထမ်းဆောင်ကြရမည်ဖြစ်ပါသည်။

သမိုင်းပေးတာဝန်

ဤနိုင်ငံတော်သီချင်းဖြင့် ကျွန်ုပ်တို့ အားလုံး သန့်ဌာန်ပြုခဲ့ကြသည့်အတိုင်း ဘိုးဘွားအမွေအစစ် ဤပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို ကျွန်ုပ်တို့အားလုံး ချစ်မြတ်နိုးကြရပေမည်။ ချစ်မြတ်နိုးကြသည့်အတိုင်း ဤပြည်ထောင်စုကြီး မပြိုကွဲမပျက်စီးအောင် အသက်ပေး၍ ကာကွယ်စောင့်ရှောက်ကြရမည် ဖြစ်သည်။ ပြည်ထောင်စုကြီးကို ပြိုကွဲပျက်စီးအောင် ဖန်တီးသူမှန်သမျှကို တိုက်ဖျက်ကြရပေမည်။ ပြည်ထောင်စုကြီး အစဉ်ထာဝရ တည်တံ့ခိုင်မြဲ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြရပေမည်။ ဤတာဝန်များကို တပ်မတော်သည် သမိုင်းပေးတာဝန်အဖြစ် ကျေပွန်စွာ ထမ်းရွက်လျက်ရှိသည်။ အဖိုးအနှဂ္ဃထိုက်တန်သည့် တန်ဖိုးကြီးများသော ကျွန်ုပ်တို့ပိုင်နက်နယ်မြေနှင့် တိုင်းပြည်အကျိုးကို တည်တံ့ ခိုင်မြဲလျက်ရှိပါသည်။

ထိန်းသိမ်းကာကွယ်

တပ်မတော်သည် နိုင်ငံတော်၏ သမိုင်းအစဉ်အလာကို ထိန်းသိမ်းရင်း အခြားတစ်ဖက်၌ နိုင်ငံတော်ကို အစဉ် ခြိမ်းခြောက်နေသော ပြည်ပအင်အားကြီး နိုင်ငံကြီးတို့၏ ဝင်ရောက်စွက်ဖက်မှု၊ အမျိုးသားသစ္စာဖောက်များ၏ တိုက်ခိုက်ဖျက်ဆီးမှုများကို အစဉ်သတိထား ကာကွယ်လျက်ရှိပါသည်။ တပ်မတော်နှင့် အတူ စည်းလုံးညီညွတ်စွာ ပူးပေါင်း လက်တွဲနိုင်ပါမှ ပြည်ထောင်စုမြန်မာ နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် ပိုင်နက်နယ်မြေများ ဆုံးရှုံးပျက်စီးမှု ရှိမည်မဟုတ်ပါ။ ပျက်စီးဆုံးရှုံးမှုမရှိအောင် ပြင်ဆင်ထားကြရပေလိမ့်မည်။ လွတ်လပ်ရေးရပြီးကာလ သမိုင်းကြောင်း တစ်လျှောက် ၁၉၄၈-၁၉၅၀ ကာလ၊ ၁၉၆၁-၁၉၆၂ ကာလ၊ ၁၉၈၈-၁၉၈၉ ကာလကဲ့သို့ ပြည်ထောင်စုကြီးပြိုကွဲတော့မည့်အရေးမျိုး ထပ်မံဖြစ်ပေါ်အဖြစ် သင်ခန်းစာယူကြရပါမည်။ တိုင်းပြည်မှာ ပြိုကွဲနိုင်သည့် အခြေအနေလုံးဝမဟုတ်ပါ။ သို့သော် ကြက်ပွဲကို ဆင်ပွဲဖြစ်အောင် ပြောဆို လှုံ့ဆော်နေမှုများရှိနေပါသည်။ တိုက်ပွဲဖြစ်ပွားရာဒေသများတွင် စစ်၏ဆိုးကျိုးများကို ခံစားကြရသလို အေးချမ်းစွာ နေထိုင်ကြရသောဒေသများမှ ပြည်သူများမှာလည်း စိတ်နှလုံး ထိခိုက်ခံစားကြရပါသည်။ စစ်တို့၏ သဘောတရားအရ ခံစစ်၊ ခွာစစ်၊ ချီစစ်၊ တိုက်စစ်ဟူ၍ ရှိပါသည်။ နွားရူးဆူးတိုး မထောက်မထား တိုက်ကြသူများမှာသောင်းကျန်းသူများသာဖြစ်ပါသည်။ တပ်မတော်အနေဖြင့် သောင်းကျန်းသူများကို ထိရောက်ချေမှုန်းနေသလို အကြောင်းအမျိုးမျိုးကို ထောက်ထား၍ စစ်၏သဘောအရ ဆောင်ရွက်ရပါသည်။

အထူးသဖြင့် တိုင်းရင်းသားပြည်သူများကို ထောက်ထားရပါသည်။ အဆုံးအရှုံး အနစ်နာခံရမှုများလည်းရှိပါသည်။ စစ်ဦးဘီလူး မီးကုန်ယမ်းကုန် အဆင်အခြင်မဲ့ ပြိုကွဲနိုင်သည့် အခြေအနေလုံးဝမဟုတ်ပါ။ သို့သော် ကြက်ပွဲကို ဆင်ပွဲဖြစ်အောင် ပြောဆို လှုံ့ဆော်နေမှုများရှိနေပါသည်။ တိုက်ပွဲဖြစ်ပွားရာဒေသများတွင် စစ်၏ဆိုးကျိုးများကို ခံစားကြရသလို အေးချမ်းစွာ နေထိုင်ကြရသောဒေသများမှ ပြည်သူများမှာလည်း စိတ်နှလုံး ထိခိုက်ခံစားကြရပါသည်။ စစ်တို့၏ သဘောတရားအရ ခံစစ်၊ ခွာစစ်၊ ချီစစ်၊ တိုက်စစ်ဟူ၍ ရှိပါသည်။ နွားရူးဆူးတိုး မထောက်မထား တိုက်ကြသူများမှာသောင်းကျန်းသူများသာဖြစ်ပါသည်။ တပ်မတော်အနေဖြင့် သောင်းကျန်းသူများကို ထိရောက်ချေမှုန်းနေသလို အကြောင်းအမျိုးမျိုးကို ထောက်ထား၍ စစ်၏သဘောအရ ဆောင်ရွက်ရပါသည်။

> **"တပ်မတော်သည် တိုင်းပြည်ကြီးတစ်ခုလုံးကိုမဆိုနှင့်၊ ပြည်နယ်ဒေသတစ်ခု၊ မြို့ကြီးပြကြီးတစ်ခုတလေကိုမျှ အထိအပါး အစွန်းအထင်းခံမည်မဟုတ်ပါ။ ထိပါးလာလျှင်လည်း သည်းမခံ၊ အပြတ်အသတ် ချေမှုန်းသွားမည်ဖြစ်သည်။ ယခု နယ်စပ်မြို့ ရွာပြင်ကနားများတွင် သောင်းကျန်းသူများနှင့် တိုက်ခိုက်မှုများရှိနေပါသည်။ ထိုတိုက်ပွဲများထက် လေတိုက်ပွဲများက အကြီးမားဆုံးဖြစ်နေသည်ကို တွေ့ရမည်ဖြစ်သည်။ လက်ရှိတွင် တိုက်ပွဲများကြောင့် စိတ်ထိခိုက်ကြရသည်။ လေဒဏ်သင့်၍ ပြည်သူများ စိတ်နှလုံးမသာမယာဖြစ်ကြရပါသည်။ ကာလတစ်ခုတော့ ကြာရှည်မည်ဖြစ်သည်။ မုန်တိုင်းစဲလျှင် လေပြည်လေညင်းလေးများ လာပါလိမ့်မည်။ တိုင်းရင်းသားပြည်သူအားလုံး ပြည်ထောင်စုကြီးကို ချစ်မြတ်နိုးသော စိတ်ဓာတ်များရှိရန်သာလိုပါသည်။"**

ပွင့်ပွင့်လင်းလင်းဆိုရလျှင် သမိုင်းကြောင်းတစ်လျှောက် အမျိုးမျိုးအဖုံဖုံ သွေးထိုးလှုံ့ဆော် သွေးခွဲမှုများကြောင့် တပ်မတော်အပေါ် အထင်အမြင်လွဲမှားမှုများရှိခဲ့ပါသည်။ သို့သော် တိုင်းပြည်ကို အသက်ပေး ကာကွယ်စောင့်ရှောက်နေသည့် တပ်မတော်၏ စိတ်ဓာတ်နှင့် သဘောထားအမှန်ကို သိမြင်နားလည် သဘောပေါက်ကြသောကြောင့် တပ်မတော်နှင့်အတူလက်တွဲ၍ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်၊ နိုင်ငံတော်ကို တည်ဆောက်ခဲ့ကြပါသည်။ သောင်းကျန်းသူအဖျက်သမားများကို ဆန့်ကျင်ရှုတ်ချကြသည်။ တစ်ဖန် တပ်မတော်ကို အမျိုးမျိုး သပ်သျှိသွေးခဲကြပြန်သည်။ တစ်နည်းတစ်ဖုံ ပြိုကွဲပျက်စီးရန် ပြုလုပ်ကြပြန်သည်။ သို့သော် တပ်မတော်၏ ဆောင်ရွက်ချက်နှင့် သောင်းကျန်းသူများ၏ လုပ်ရပ်များကို ပြည်သူများ ကွဲကွဲပြားပြား သိလာကြသည်။

အဖြူနှင့်အမည်းကွဲ

တိုင်းပြည်ကို ဖျက်လိုဖျက်ဆီးလုပ်ရပ်များကြောင့် တိုက်ပွဲဖြစ်ပွားရာဒေသများတွင် လမ်းပန်းဆက်သွယ်ရေးပြတ်တောက်ကုန်သည်။ မြို့ရွာများ ပျက်စီးကြေမွကုန်သည်။ စေတီဘုရား၊ ကျောင်း၊ ကန်၊ ဇရပ်များ ဖျက်ဆီးခြင်းခံလိုက်ရသည်။ ဒေသခံပြည်သူများ ထိခိုက်ပျက်စီးကြရသည်။ စစ်ဘေးရှောင်ပြည်သူများအဖြစ် ဆင်းရဲဒုက္ခရောက်ကြရသည်။ လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်သွားသောကြောင့် စားရေရိက္ခာရှားပါးကြီးမြင့်မှုများနှင့် ကြုံကြရသည်။ အလုပ်အကိုင်ပျက်၊ စီးပွားပျက်ကာ လူမှုစီးပွားဘဝများ ဆုံးရှုံးနစ်နာကြရသည်။ ဤသို့သော အခြေအနေမျိုးသို့ ရောက်အောင် သောင်းကျန်းသူများက ဖန်တီးခဲ့ခြင်းသာ ဖြစ်သည်။

ယခုအခါ အဖြူနှင့်အမည်း၊ အလင်းနှင့် အမှောင် ကွဲကွဲပြားပြား သိလာကြရသည်။ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ် တိုက်ပွဲများ ဖြစ်ပွားရာဒေသများမှ ပြည်သူများ အတိဒုက္ခရောက်နေသည်များကို မြင်တွေ့နေရသည်။ ညည်းတွားသံများကို ကြားနေရသည်။

စာမျက်နှာ ၇ သို့ ☆

ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း အိန္ဒိယနိုင်ငံ Nipha Exports Private Limited (NIPHA)မှ ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၁၉

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့နံနက်ပိုင်းတွင် အိန္ဒိယနိုင်ငံ Nipha Exports Private Limited မှ ဒုတိယဥက္ကဋ္ဌ Mr. P. K. Shah ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀) ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံရှိ စက်မှုကဏ္ဍအတွက် လိုအပ်သော စက်ပစ္စည်းများ တင်သွင်ရေးကိစ္စ၊ MSME များ၊ သံမဏိ၊ ဘိလပ်မြေ၊ ဆေးဝါး၊ ချည်မျှင်နှင့်အထည် စသည့် လုပ်ငန်းများရှိ ထုတ်လုပ်မှုကဏ္ဍတိုးတက်ရေးအတွက် လိုအပ်သော စက်ပစ္စည်းများနှင့် နည်းပညာများ ပံ့ပိုးကူညီရေးကိစ္စ၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်နိုင်ရန်အတွက် ကုန်သွယ်မှုလုပ်ငန်းများတွင် အိန္ဒိယရှုဝီး/ မြန်မာ ကျပ်ငွေ တိုက်ရိုက်ပေးချေနိုင်ရေးကိစ္စရပ်များ ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွှန့်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

စာပေမြင့်မှ လူမျိုးတင့်မည်၊ စာအုပ်စာပေ လူ့မိတ်ဆွေ

☆ စာမျက်နှာ ၆ မှ

တိုက်ပွဲဖြစ်သဖြင့် တရားဥပဒေစိုးမိုးရေးပျက်ပြားသည့် ဒေသများတွင် သွားလာခဲ့ကြသော တိုင်းရင်းသားပြည်သူများ၏ ကိုယ်တွေ့ဖြစ်ရပ်များကို ဤသို့ကြားသိခဲ့ရသည်။ လမ်းတစ်လျှောက်တွင် KIA နှင့်တွေ့လျှင်၊ TNLA နှင့်တွေ့လျှင်၊ AA နှင့်တွေ့လျှင်၊ PDF နှင့်တွေ့လျှင် ပြည်သူတစ်ဦးလျှင် တစ်ယောက် မည်ရွေ့မည်မျှပေးဟု ဆက်ကြေးကောက်ခြင်း ခံကြရသည်။ တစ်ဖွဲ့တွေ့တိုင်း တစ်ဖွဲ့တွေ့တိုင်း ဆက်ကြေးပေးကြရသည်။ ခရီးသည်တင်ယာဉ်၊ ကုန်တင်ယာဉ်များ ဆိုလျှင် အဆမတန်ပေးကြရသည်။

လုပ်ကြံဝါဒဖြန့်

သူခိုးကြီးတော့ ဓားပြ၊ ဓားပြကြီးတော့ သူပုန်၊ သူပုန်ကြီးတော့ သောင်းကျန်းသူများ ဖြစ်လာကြသည်။ သောင်းကျန်းသူများသည် လူသတ်၊ ဓားပြတိုက်၊ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးပြီး ဒီမိုကရေစီအရေး၊ ဖက်ဒရယ်အရေး၊ တော်လှန်ရေးလုပ်နေတာပါဟု အသံကောင်းဟစ်နေကြသည်။ ပြည်ဖျက်မီဒီယာများကလည်း တပ်မတော်ကို သောင်းကျန်းသူ၊ အကြမ်းဖက်သမား။ သောင်းကျန်းသူကို ကယ်တင်ရှင် တော်လှန်ရေးသမားဟု ပြောင်းပြန်လှန်ဖော်ပြနေကြသည်။ တပ်မတော်ကြီး ပြိုလဲနေသယောင်၊ တိုင်းပြည်ကြီး အစိတ်စိတ်အမွှာမွှာ ပြိုကွဲနေသယောင်၊ ဖက်ဒရယ်တပ်ကြီး ရောက်လာတော့မယောင်၊ တိုင်းပြည်ကို ကယ်တင်တော့မယောင် မဟုတ်မမှန် လုပ်ကြံဝါဒဖြန့်သတင်းများ အဆက်မပြတ် ထုတ်လွှင့်ကြသည်။ ပြည်သူများ ကြောက်ရွံ့အောင်၊ တွေဝေအောင် တစိုက်မတ်မတ် ပြုလုပ်ကြသည်။

သောင်းကျန်းသူများသည် မူလကတည်းက လက်နက်အားကိုးဖြင့် နယ်မြေလု၊ အာဏာတည်ဆောက်၊ ဆက်ကြေးကောက်၊ လူသစ်စုဆောင်း၊ ဓားပြတိုက်၊ လုယက်၊ မူးယစ်ဆေးဝါး ထုတ်လုပ်ရောင်းချ၊ တိုင်းပြည်၏ သယံဇာတပစ္စည်းများ ခိုးထုတ်ရောင်းချပြီး လက်နက်လူသူစုဆောင်း၍ အင်အားတောင့်တင်းအောင် ပြုလုပ်ခဲ့ကြသည်။ တိုင်းပြည်ကို ပြိုကွဲပျက်စီးအောင် ပြုလုပ်ကြသည်။ တိုင်းရင်းသားပြည်သူများကို အနိုင်ကျင့်နှိပ်စက် သတ်ဖြတ်နေကြသည်။ ၎င်းတို့သည် တိုင်းရင်းသားအမည်ခံ အမျိုးသားသစ္စာဖောက် အဖျက်သမားများသာဖြစ်သည်။ တစ်နည်းဆိုပါလျှင်လည်း အမျိုးသားသစ္စာဖောက် ပြည်ထောင်စုကိုဖျက်ဆီးသူ အကြမ်းဖက်အဖျက်သမားများသာဖြစ်သည်။

ပြည်ထောင်စုကိုကာကွယ်

ယနေ့အချိန်အခါတွင် တိုင်းရင်းသားဟု အမည်ခံထားသူ လက်နက်ကိုင် သောင်းကျန်းသူများ ထကြွလာခြင်း၏ အကြောင်းအချက်များတွင် အချင်းချင်း မညီညွတ်မှု၊ သွေးကွဲမှုတို့သည် အဓိကကျသည့်အချက်ဖြစ်သည်။ မညီညွတ်သည့်အခါ အဖျက်အားကြီးမားလာသည်။ မိမိတို့အချင်းချင်းသွေးကွဲမှုသည် တိုင်းရင်းသားအမည်ခံ သောင်းကျန်းသူများ အချက်ဖြစ်ခဲ့သည်။ ဗမာဆိုလျှင် လက်မခံ၊ စေတီပုထိုးများပါ ဖြိုဖျက်မှုများ၊ နိုင်ငံတော်အလံအား ဖြုတ်ချကာ သောင်းကျန်းသူအလံအား လွှင့်ထူလိုက်ကြပုံများမှာ အသည်းနာစရာကောင်းလှသည်။ ဗမာ PDF တွေသေနေတာ ငါတို့တွေမသေဘူးဆိုသည့် TNLA ခေါင်းဆောင်တစ်ဦး၏စကား၊ NUG ကမင်းတို့ဗမာ PDF တွေ ငါတို့ကို ထိုးပေးသွားတာဆိုသည့် MNDAA ခေါင်းဆောင်တစ်ဦး၏ စကားတို့သည် သွေးခွဲဖျက်ဆီးမှုအဖြစ် ထင်ရှားပေသည်။ တိုင်းရင်းသားရေးလည်းမဟုတ်၊ ဖက်ဒရယ်ရေးလည်းမဟုတ်၊ ကိုယ်ကျိုးစီးပွားအတွက် မြန်မာပြည်မြေပုံကို ပျက်စီးအောင် ပြုလုပ်နေခြင်းသာဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် နှစ်ပေါင်းထောင်ချီရှည်လျားသည့် ကာလတစ်လျှောက်လုံး ဗမာတိုင်းရင်းသားအပါအဝင် တိုင်းရင်းသားလူမျိုးစုများ အားလုံး အတူတကွလက်တွဲ နေထိုင်ခဲ့ကြသည်။ မရှိအတူ ရှိအတူ အေးအတူပူအမျှ ရှိင်းပင်းကူညီ စာနာနားလည်မှုဖြင့် အတူနေထိုင်ခဲ့ကြသည်။ တစ်ဦးကိုတစ်ဦး လေးစားချစ်ခင် ဆက်ဆံနေထိုင်ခဲ့ကြသည်။ ပြည်ပရန်စွယ်အန္တရာယ်များကို တိုင်းရင်းသားလူမျိုးများ အတူပူးပေါင်း လက်တွဲပြီး တွန်းလှန်ကာကွယ်ခဲ့ကြသည်။ ဤအမြဲပြည်ထောင်စုကြီးသည် ကမ္ဘာ့မြေပုံပေါ်တွင် ထည်ထည်ဝါဝါ ခုံခုံညားညား မပြိုမကွဲခိုင်မြဲ ယနေ့ထက်တိုင်အောင် တည်တံ့ဖြစ်ထွန်းလျက်ရှိသည်။ နောင်ကမ္ဘာတည်သရွေ့ ဤနိုင်ငံတော်ကြီး မပျက်မယွင်း ဆက်လက်တည်ထွန်းနေမည်ဖြစ်သည်။ ပြည်ပရန်စွယ်အန္တရာယ်များကြောင့်လည်းကောင်း၊ တိုင်းရင်းသားအမည်ခံ အမျိုးသားသစ္စာဖောက်တစ်စု၏ ဖျက်ဆီးမှုကြောင့်လည်းကောင်း ဤပြည်ထောင်စုကြီးကို ပွန်းပဲ့ထိခိုက်အောင် ပြုလုပ်မှုမှန်သမျှကို တိုင်းရင်းသားပြည်သူများနှင့်ဖွဲ့စည်းထားသည့် တစ်ခုတည်းသော တပ်မတော်ကြီးက တိုက်ခိုက်ချေမှုန်းသွားမည်ဖြစ်သည်။ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်သည်။

ထို့ကြောင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံတော်သီချင်းဖြင့် ကျွန်ုပ်တို့အားလုံး အဓိဋ္ဌာန်ပြုထားသည့်အတိုင်း ကျွန်ုပ်တို့ပြည်ထောင်စုဖွားတိုင်းရင်းသားပြည်သူအပေါင်းတို့သည် တရားမျှတလွတ်လပ်သည့် အမိမြေ၊ တန်းတူညီမျှ ဝါဒဖြစ်စေသည့် ကျွန်ုပ်တို့၏ မြေ၊ ပြည်ထောင်စုအမွေ အမြဲတည်တံ့အောင် စည်းလုံးညီညွတ်မှုဖြင့် ထိန်းသိမ်းကာကွယ် စောင့်ရှောက်သွားကြရမည်ဖြစ်ပါသည်။ ဤကမ္ဘာမြေကြီး မပျက်စီးသရွေ့၊ ကမ္ဘာကြီး တည်ထွန်းနေသရွေ့ ဆက်လက်အဓွန့်ရှည် တည်တံ့အောင် တပ်မတော်နှင့်အတူလက်တွဲ၍ ထိန်းသိမ်းကာကွယ် စောင့်ရှောက်သွားကြရမည်ဖြစ်ပါကြောင်း။ ။

> **“ သူခိုးကြီးတော့ ဓားပြ၊ ဓားပြကြီးတော့ သူပုန်၊ သူပုန်ကြီးတော့ သောင်းကျန်းသူများဖြစ်လာကြသည်။ သောင်းကျန်းသူများသည် လူသတ်၊ ဓားပြတိုက်၊ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးပြီး ဒီမိုကရေစီအရေး၊ ဖက်ဒရယ်အရေး၊ တော်လှန်ရေးလုပ်နေတာပါဟု အသံကောင်းဟစ်နေကြသည်။ ပြည်ဖျက်မီဒီယာများကလည်း တပ်မတော်ကို သောင်းကျန်းသူ၊ အကြမ်းဖက်သမား။ သောင်းကျန်းသူကို ကယ်တင်ရှင် တော်လှန်ရေးသမားဟု ပြောင်းပြန်လှန်ဖော်ပြနေကြသည်။ တပ်မတော်ကြီး ပြိုလဲနေသယောင်၊ တိုင်းပြည်ကြီး အစိတ်စိတ်အမွှာမွှာ ပြိုကွဲနေသယောင်၊ ဖက်ဒရယ်တပ်ကြီး ရောက်လာတော့မယောင်၊ တိုင်းပြည်ကို ကယ်တင်တော့မယောင် မဟုတ်မမှန် လုပ်ကြံဝါဒဖြန့်သတင်းများ အဆက်မပြတ် ထုတ်လွှင့်ကြသည်။ ပြည်သူများ ကြောက်ရွံ့အောင်၊ တွေဝေအောင် တစိုက်မတ်မတ်ပြုလုပ်ကြ ”**

သာသနာတော်နှစ် ၂၅၆၇ – ၂၅၆၈ ခုနှစ် သင်္ကြာစင် ၁၃၈၅ - ၁၃၈၆ ခုနှစ် မဟာသင်္ကြန် အကျ-အကြတ်-အတက် - နှစ်ဆန်း(၁)ရက်နှင့် ဝါဆို - ဝါကပ် - လ - ရက်နှင့် နေ့များ

၁။ **မဟာသင်္ကြန် အကျရက်**
- ဇေယတု - မြန်မာသင်္ကြာစင် ၁၃၈၅ ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၆)ရက်
- ရခိုင်သင်္ကြာစင် ၁၃၈၅ ခုနှစ် တာကူးလဆန်း (၆)ရက်
- ခရစ်နှစ် ၂၀၂၄ ခုနှစ်၊ ဧပြီလ (၁၄) ရက် တနင်္ဂနွေနေ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စံတော်ချိန် ညဉ့်စက် ၁၂ နာရီ၂၄ မိနစ်၊ ၄၅ စက္ကန့်အချိန်တွင် မဟာသင်္ကြန်ကျပါသည်။

၂။ **မဟာသင်္ကြန် အကြတ်ရက်**
- မြန်မာသင်္ကြာစင် ၁၃၈၅ ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၇)ရက်
- ရခိုင်သင်္ကြာစင် ၁၃၈၅ ခုနှစ်၊ တာကူးလဆန်း (၇)ရက်
- ခရစ်နှစ် ၂၀၂၄ ခုနှစ်၊ ဧပြီလ (၁၅)ရက် တနင်္လာနေ့သည် မဟာသင်္ကြန်အကြတ်ရက်ဖြစ်ပါသည်။

၃။ **မဟာသင်္ကြန် အတက်ရက်**
- မြန်မာသင်္ကြာစင် ၁၃၈၅ ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၈)ရက်
- ရခိုင်သင်္ကြာစင် ၁၃၈၅ ခုနှစ်၊ တာကူးလဆန်း (၈)ရက်
- ခရစ်နှစ် ၂၀၂၄ ခုနှစ်၊ ဧပြီလ (၁၆) ရက်၊ အင်္ဂါနေ့ မြန်မာစံတော်ချိန် နံနက်စက် ၄ နာရီ၂၉ မိနစ်၊ ၂၆ စက္ကန့်အချိန်တွင် မဟာသင်္ကြန်တက်ပါသည်။

၄။ **မြန်မာ - ရခိုင် - နှစ်ဆန်း ၁ ရက်**
- မြန်မာသင်္ကြာစင် ၁၃၈၆ ခုနှစ်၊ ဦးတန်ခူးလဆန်း (၉)ရက်
- ရခိုင်သင်္ကြာစင် ၁၃၈၆ ခုနှစ်၊ တာကူးလဆန်း (၉)ရက်
- ခရစ်နှစ် ၂၀၂၄ ခုနှစ်၊ ဧပြီလ (၁၇)ရက် ဗုဒ္ဓဟူးနေ့သည် မြန်မာ - ရခိုင် နှစ်ဆန်း (၁)ရက်နေ့ဖြစ်ပါသည်။

၅။ **ရဟန်းတော်များအတွက် ဝါဆို - ဝါကပ် - လ - ရက်များ**

ဤ ၁၃၈၆ ခုနှစ်တွင် ဝါဆိုဝါကပ်လထပ်ရက်ငင်မရှိပါ၍ ဗုဒ္ဓဘာသာသာသနာတော်ဝန်ထမ်းရဟန်းအရှင်သူမြတ်တို့မှာ မြန်မာသင်္ကြာစင် ၁၃၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် (၁)ရက်၊ ရခိုင်သင်္ကြာစင် ၁၃၈၆ ခုနှစ် ဝါဆိုလပြည့်ကျော် (၁)ရက်၊ ခရစ်နှစ် ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ (၂၁)ရက်၊ တနင်္ဂနွေနေ့တွင် ပထမပုရိမဝါကပ်ဆိုတော်မူကြရမည်ဖြစ်ပါသည်။

ဒုတိယပစ္ဆိမဝါကို မြန်မာရခိုင်ဝါခေါင်လပြည့်ကျော် (၁)ရက်နေ့ သြဂုတ်လ (၂၀)ရက်နေ့၊ အင်္ဂါနေ့တွင် ကပ်ဆိုတော်မူကြရမည်ဖြစ်ပါသည်။

ဦးပညိန္ဒ	ဦးအောင်ချစ်	ဦးပြေငြိမ်း
ဥက္ကဋ္ဌ	ဒုတိယဥက္ကဋ္ဌ(၁)	ဒုတိယဥက္ကဋ္ဌ(၂)

ပြည်ထောင်စုဝန်ကြီး ဦးလှမိုး သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်ရေး တာဝန်ရှိသူများအား တွေ့ဆုံမှာကြား

နေပြည်တော် မတ် ၁၉

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့ မွန်းလွဲပိုင်းတွင် မော်လမြိုင်မြို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးသို့ သွားရောက်ပြီး ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ဝန်ထမ်းများနှင့်တွေ့ဆုံသည်။

မှာကြား

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာန၏ မူဝါဒ၊ ရည်မှန်းချက်၊ ရည်ရွယ်ချက်များ အောင်မြင်ရေး ဦးစီးဌာနလေးခု ဝိုင်းဝန်းပူးပေါင်းချိတ်ဆက် ဆောင်ရွက်ကြရေး၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး စီမံကိန်းလုပ်ငန်းများအား သမဝါယမအသင်းအဖွဲ့စနစ်ဖြင့် ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် အသင်းသား တောင်သူများ လိုအပ်သည့် သွင်းအားစု၊ မျိုး၊ မြေဩဇာများအား ရာသီအချိန်မီ ထောက်ပံ့ပေးရေး၊ အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေး (MSMEs) လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာတစ်ရွာ ထုတ်ကုန် တစ်ခု (One Village One Product–OVOP) ထုတ်လုပ်နိုင်ရေး ပူးပေါင်း ပါဝင်ဆောင်ရွက်ကြရန်၊ ဖွံ့ဖြိုးရေးလုပ်ငန်းများအား ဘဏ္ဍာနှစ်အလိုက် အရည်အသွေးပြည့်မီစွာ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန်၊ ကျေးလက်နေပြည်သူများ၏ ဝင်ငွေတိုးလုပ်ငန်းများနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို စေတနာထား ဆောင်ရွက်ခြင်းဖြင့် အလုပ်အပေါ် ဂုဏ်ယူတတ်စေရန်နှင့် နိုင်ငံ့ဝန်ထမ်း စည်းမျဉ်း၊ စည်းကမ်း များနှင့်အညီ နေထိုင်ဆောင်ရွက်ကြရန်၊ ကျန်းမာရေးအသိ လုံခြုံရေးသတိတို့ဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အလေးထား ဆောင်ရွက်ကြရန်နှင့် ဝန်ထမ်းသက်သာချောင်ချိရေးအတွက် တာဝန်ရှိသူများက ကြိုးပမ်းဆောင်ရွက်ပေးရန် တိုက်တွန်း မှာကြားပြီး ဦးစီးဌာနအလိုက် ဝန်ထမ်းများ၏ လုပ်ငန်းလိုအပ်ချက်များ၊ တင်ပြချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

တောင်ကြီးမြို့ရှိ လူမှုဖူလုံရေး-ခိုင်မေတ္တာဆေးရုံ၊ လူမှုဖူလုံရေးရုံးနှင့် လူမှုဖူလုံရေးဆေးခန်းတို့တွင် အာမခံအလုပ်သမားများအား ကျန်းမာရေးစောင့်ရှောက်ပေး

နေပြည်တော် မတ် ၁၉

အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်တို့သည် ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့ရှိ လူမှုဖူလုံရေး-ခိုင်မေတ္တာဆေးရုံ၊ လူမှုဖူလုံရေးရုံးနှင့် လူမှုဖူလုံရေးဆေးခန်းတို့တွင် အာမခံအလုပ်သမားများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုလုပ်ငန်းစဉ်များကို ကြည့်ရှုစစ်ဆေးပြီး ဆေးရုံတာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ တောင်ကြီးမြို့ရှိ လူမှုဖူလုံရေးရုံးနှင့် လူမှုဖူလုံရေးဆေးခန်းသို့ သွားရောက်၍ အာမခံအလုပ်သမားများကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား အလုပ်ရှင်နှင့် အာမခံအလုပ်သမားများ၏ အားကိုးယုံကြည်ရသည့် လူမှုဖူလုံရေးစီမံကိန်းဖြစ်စေရန်၊ အာမခံအလုပ်သမားများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို တိုးမြှင့်ဆောင်ရွက်နိုင်ရန်နှင့် အရည်အသွေးပြည့်မီသော ကျန်းမာရေးဝန်ဆောင်မှုများကို ပေးအပ်နိုင်ရန်လို အပ်ကြောင်း၊ ကျန်းမာရေးဝန်ထမ်းအင်အားပြည့်

လည်ပတ်ရန် လိုအပ်ချက်ကိုလည်း အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးသွားမည်ဖြစ်ပြီး ရုံးနှင့် ဆေးခန်းရှိ တာဝန်ရှိသူများအနေဖြင့် စေတနာထား၍ အားထည့်ဆောင်ရွက်ပေးစေလိုကြောင်း၊ လူနာကုသရေးလုပ်ငန်း၊ ဆေးရုံသုံးပစ္စည်းများ ပြင်ဆင်ထိန်းသိမ်းခြင်း၊ သက်တမ်းလွန်/လေလွင့်ဆေးများ မဖြစ်စေရန် စီမံခြင်း၊ ရုံးနှင့် ဆေးခန်းလုံခြုံရေးကို အလေးထား ဆောင်ရွက်ကြရန်၊ ကျန်းမာရေးဝန်ထမ်းများ အနေဖြင့် ပညာရှင်များဖြစ်သည့်အတွက် ကျင့်ဝတ်စည်းကမ်းများကို လိုက်နာရန်နှင့် မိမိလုပ်ငန်းများ အောင်မြင်စေရန်အတွက် ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ တောင်ကြီးမြို့ရှိ လူမှုဖူလုံရေး-ခိုင်မေတ္တာဆေးရုံအား လူမှုဖူလုံရေးအဖွဲ့နှင့် ပူးပေါင်း၍ အာမခံအလုပ်သမားများအား ကျန်းမာရေးဝန်ဆောင်မှုများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် တောင်ကြီးမြို့ရှိ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနရုံးသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၌ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလတွင် အလုပ်ဌာန ၇၉၁ ဌာန၊ အကျုံးဝင် အာမခံအလုပ်သမားဦးရေ ၁၀၉၇၃ ဦးရှိပြီး မြို့နယ်လူမှုဖူလုံရေးဆေးခန်း နှစ်ခန်း၊ ဌာနကြီးဆေးခန်းတစ်ခန်းနှင့် စာချုပ်ဆေးခန်း တစ်ခန်းတို့ဖွင့်လှစ်ကာ ဝန်ဆောင်မှုဆောင်ရွက်ပေးလျက်ရှိသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးသည် လူထုအခြေပြုဗဟိုဌာန (ပြန်ကြားရေးခန်းမ)၌ ပြည်နယ်ရှိ အရာထမ်း၊ အမှုထမ်းများကို တွေ့ဆုံပြီး ဝန်ထမ်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ လိုက်နာနေထိုင်ရေး၊ တည်ဆဲဥပဒေများကို လေးစားလိုက်နာနိုင်ရေး၊ ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် မိမိတို့ဌာနများအလိုက် လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ခြင်းဖြင့် ဝန်ကြီးဌာနနှင့် နိုင်ငံတော်အစိုးရ၏ ရည်မှန်းချက်၊ ဦးတည်ချက်များ အောင်မြင်မည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့က လုပ်ငန်းလိုအပ်ချက်အရ တာဝန်ပေးအပ်မှုကို ကျေပွန်စွာထမ်းဆောင်ရန်နှင့် ဝန်ထမ်းများအနေဖြင့် ဗလငါးတန်နှင့် ပြည့်စုံအောင် ဖန်တီးကြရန် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

၂၃၀ကေဗွီ လှော်ကားပင်မဓာတ်အားခွဲရုံ၌ Switch-Bay အသစ် တိုးချဲ့တည်ဆောက်

နေပြည်တော် မတ် ၁၉

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်သည် ယမန်နေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများနှင့်အတူ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန၏ စက်မှုယန္တရားဌာနခွဲ (လှော်ကား) သို့ရောက်ရှိပြီး ဒုတိယဝန်ကြီးက ပစ္စည်းများရရှိ/ထုတ်ပေး/ သုံးစွဲ/လက်ကျန်စာရင်းများကို စနစ်တကျမှတ်တမ်းရေးသွင်း ဆောင်ရွက်ကြရန်၊ ပြင်ဆင်ထားရှိသော စက်ယန္တရားများ၊ စီမံကိန်းအတွက် စက်ပစ္စည်းများနှင့် တာဘိုင်၊ ဂျင်နရေတာများကို စနစ်တကျ ထိန်းသိမ်းထားသိုရန်၊ နွေရာသီကာလ ရောက်ရှိပြီဖြစ်၍ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မီးတားလမ်းများ ပြုလုပ်သွားရန်နှင့် အခြားလိုအပ်သည်များ မှာကြားပြီး ဂိုဒေါင်များတွင် ပစ္စည်းများသိုလှောင်/ ထိန်းသိမ်းထားရှိမှု အခြေအနေကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

လိုက်လံကြည့်ရှု

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ၂၃၀ ကေဗွီ လှော်ကားပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိရာ Switch Yard(ဆွိစ်ယာဒ်)အတွင်း လက်ရှိ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနေမှု အခြေအနေနှင့် တည်ဆောက်ဆဲ ၂၃၀ ကေဗွီ လှော်ကား-အရှေ့ဒဂုံ ဓာတ်အားလိုင်း တည်ဆောက်မည့် ၂၃၀ ကေဗွီ လှော်ကား-ဝါးတရာဓာတ်အားလိုင်းတို့အတွက် Switch-Bay နေရာ တိုးချဲ့ရန်လျာထားမှု အခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် လှော်ကားသဘာဝ ဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံ အစည်းအဝေးခန်းမ၌ စက်ရုံမှူးက ဓာတ်အားပေးစက်ရုံဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လုပ်ငန်းများဆောင်ရွက်ရာတွင် လုံခြုံရေးအသိ၊ သတိဖြင့် ဆောင်ရွက်ကြရန်၊ ယခုနွေရာသီကာလအတွင်း ဓာတ်ငွေ့ရရှိမှုအပေါ် ဓာတ်အားစဉ်ဆက်မပြတ် ထုတ်လုပ်ရေး ကြိုးပမ်းဆောင်ရွက်ပေးကြရန်၊ ပွင့်လင်းရာသီရောက်ရှိပြီဖြစ်၍ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးစီမံ ဆောင်ရွက်ကြရန်နှင့် လိုအပ်သည်များ မှာကြားပြီး ဓာတ်အား ထိန်းချုပ်ခန်းအတွင်းမှ ဓာတ်အား ထုတ်လုပ်/ပို့လွှတ်ပေးနေမှုနှင့် စက်ရုံရှိ စီမံကိန်းပစ္စည်းများ ထိန်းသိမ်းထားသိုမှုတို့ကို လိုက်လံကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူ မည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကိုဖော်ပြသည့် ဆက်ဆံမှု တစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကား ဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် မတ် ၁၉

ချင်းပြည်နယ်တွင် နေရာ စိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် တနင်္သာရီတိုင်း ဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရွာရာနှုန်း ၈၀ ဖြစ်သည်။ ပဲခူးတိုင်း ဒေသကြီးနှင့် ဧရာဝတီတိုင်း ဒေသကြီးတို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့် အတင့်ဖြစ်ထွန်းမည်။ **မိုး/၈လ**

ငွေကြေးအရင်းအနှီး လိုအပ်နေသော ဆီစက်ပိုင်ရှင်များသို့ အသိပေးကြေညာချက်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်မှုဖြင့် ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေး ချေးငွေစီမံခန့်ခွဲမှုအဖွဲ့သည် ပြည်တွင်းရှိ ဆီစက်များသို့ အဆင့်မီစက်ပစ္စည်းများ တိုးချဲ့တပ်ဆင်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ခေတ်မီဆီစက်အသစ်များ ထပ်မံတည်ဆောက်ခြင်းနှင့် လုပ်ငန်းသုံး ရင်းနှီးလည်ပတ်ငွေလိုအပ်ချက်များအတွက် နိုင်ငံစီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ထူထောင်ထားသည့် ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေး ချေးငွေရန်ပုံငွေမှ အတိုးနှုန်းသက်သာမှုရှိသော ချေးငွေများကို ထုတ်ချေးပေးလျက်ရှိပါသည်။

၂။ ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေကို အောက်ပါအချက်များနှင့် ညီညွတ်ပါက လျှောက်ထားနိုင်ပါသည် -

(က) လက်ရှိလုပ်ငန်းလည်ပတ်လုပ်ကိုင်နေသော ဆီစက်ဖြစ်ရမည်၊

(ခ) လုပ်ငန်းအမည်ပေါက် လိုင်စင် (သက်တမ်းရှိ) ရရှိရမည်၊

(ဂ) ချေးငွေအတွက် အာမခံအဖြစ် အမည်ပေါက်ပိုင်ဆိုင်သော မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းများ၊ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် ပုံစံ(၇) ပေးအပ်နိုင်ရမည်၊

(ဃ) နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များတွင် လက်ရှိချေးငွေရယူထားသူများအနေဖြင့် ဆီစက်ဖွံ့ဖြိုးရေးချေးငွေရယူလိုပါက **သီးခြားအာမခံ** တင်သွင်းနိုင်မှသာ လျှောက်ထားနိုင်ပါသည်၊

(င) FDA လက်မှတ်ရရှိပြီးသူ၊ အသေးစားစက်မှုလုပ်ငန်းမှတ်ပုံတင်လက်မှတ် ရရှိပြီးသူ၊ သက်ဆိုင်ရာဒေသရှိ ဆီစက်ပိုင်ရှင်များအသင်း၊ ဆီကုန်သည်နှင့်ဆီစက်လုပ်ငန်းရှင်များအသင်းဝင် ဆီစက်လုပ်ငန်းရှင်များအား ဦးစားပေးစဉ်းစားမည်။

၃။ ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေအတွက် ချေးငွေဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ချေးငွေပမာဏ

(၁) **လုပ်ငန်းသုံးလှည့်ပတ်ရင်းနှီးငွေ (Working Capital) အတွက်ချေးငွေ** - အနည်းဆုံး ကျပ် သိန်း ၁၀၀ မှ အများဆုံး ကျပ် သိန်း ၃၀၀၀ အထိ

(၂) **မတည်ရင်းနှီးငွေ (Fixed Capital) အတွက် ချေးငွေ** - အနည်းဆုံး ကျပ် သိန်း ၂၀၀ မှ အများဆုံး ကျပ် သိန်း ၃၀၀၀ အထိ

(၃) ကျပ်သိန်း ၃၀၀၀ အထက် ချေးငွေရယူလိုသော ဆီစက်လုပ်ငန်းရှင်များအနေဖြင့် ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေ စီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့၊ အတွင်းရေးမှူးရုံး၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်)သို့ တိုက်ရိုက်ပေးပို့ လျှောက်ထားရန် ဖြစ်ပါသည်။

(ခ) ချေးငွေသက်တမ်းနှင့် ပြန်ဆပ်ကာလ

(၁) လုပ်ငန်းသုံးလှည့်ပတ်ရင်းနှီးငွေ - **ချေးငွေသက်တမ်း(၁)နှစ်**

(၂) မတည်ရင်းနှီးငွေ - **ချေးငွေသက်တမ်း (၃) နှစ် ၃ ရစ်ဆပ်**

(၃) **ချေးငွေအတိုးနှုန်း** - **၁ နှစ်လျှင် (၅%)**

၄။ ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေ လျှောက်ထားရယူလိုသော ဆီစက်လုပ်ငန်းရှင်များသည် အောက်ပါ ရုံး၊ ဌာန၊ ဘဏ်ခွဲများတွင် ချေးငွေအဆိုပြုလွှာများရယူ၍ လျှောက်ထားနိုင်ပါသည် -

(က) ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် ဆီစက်ပိုင်ရှင်များအသင်းရုံးများအားလုံး၊

(ခ) ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်၊ ဆီကုန်သည်နှင့် ဆီလုပ်ငန်း ရှင်များအသင်းရုံးများအားလုံး၊

(ဂ) ပြည်ထောင်စုနယ်မြေနေပြည်တော်၊ **တိုင်းဒေသကြီး/ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရုံးခွဲများအားလုံး၊**

(ဃ) ပြည်ထောင်စုနယ်မြေနေပြည်တော်၊ **တိုင်းဒေသကြီး/ ပြည်နယ်/ခရိုင်နှင့် မြို့နယ် မြန်မာ့စီးပွားရေးဘဏ်ခွဲများအားလုံး၊**

(င) ပြည်ထောင်စုနယ်မြေနေပြည်တော်၊ **တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်နှင့် မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲများအားလုံး၊**

၅။ ဆီစက်ချေးငွေ အဆိုပြုလွှာပုံစံများကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန website www. mopf. gov.mm၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန website https://msmewebportal. gov. mm/၊ မြန်မာဆီစက်ပိုင်ရှင်များအသင်း website http://www.meoma.org၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီစက်လုပ်ငန်းရှင်များအသင်း website http://meoda.myanmarwebtraining.com၊ MEB website www.meb.gov.mm၊ MADB website www.madb.gov.mm တို့တွင် download ရယူနိုင်ပါကြောင်း လေးစားစွာဖြင့် အသိပေးကြေညာအပ်ပါသည်။

ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေ
စီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့

သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းချီးမြှင့်အပ်နှင်းပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် မတ် ၁၉

၂၀၂၄ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ရရှိကြသည့် ပြည်ထောင်စုနယ်မြေနေပြည်တော်မှ ဆရာတော်ကြီးများ၊ သီလရှင် ဆရာကြီးများနှင့် လူပုဂ္ဂိုလ်တို့အား သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်လှူဒါန်း ချီးမြှင့်အပ်နှင်းပွဲ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပရာ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ အမြဲတမ်းအတွင်းဝန်နှင့် နေပြည်တော်အဆင့်ဌာနဆိုင်ရာများ တက်ရောက်ကြသည်။

ပူးပေါင်းဆောင်ရွက်

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပြည်ထောင်စုနယ်မြေ နေပြည်တော်အနေဖြင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရရှိသည့် သံဃာတော် ၁၄ ပါး၊ သီလရှင် သုံးပါးနှင့် လူပုဂ္ဂိုလ်လေးဦးတို့ကို သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်လှူဒါန်းချီးမြှင့်အပ်နှင်းမည်ဖြစ်ကြောင်း၊ အခမ်းအနားတွင် ဆရာတော်ကြီးများ အဆင်ပြေချောမွေ့စွာ အချိန်မီကြွရောက်နိုင်ရေးနှင့် ပြန်လည်ကြွရောက်နိုင်ရေး၊ သံဃာတော်များနှင့် သီလရှင်များ ယာယီသီတင်းသုံးနိုင်ရေးတို့ကို စနစ်တကျစီမံဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဆွမ်းဆန်တော်များ ကြိုတင်လောင်းလှူနိုင်ရေးအတွက် စနစ်တကျလက်ခံဆောင်ရွက်ခြင်းနှင့် စနစ်တကျလောင်းလှူနိုင်ရေးတို့ကို စီစဉ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နေပြည်တော်မှ ဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများနှင့် လူပုဂ္ဂိုလ်တို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်လှူဒါန်း ချီးမြှင့်အပ်နှင်းပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုပ်ငန်းကော်မတီများနှင့် ဆပ်ကော်မတီများအလိုက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးက အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး နေပြည်တော်သာသနာရေးမှူး ဦးဆန်းထွန်းအောင်က အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများဖွဲ့စည်းဆောင်ရွက်ထားရှိမှုနှင့် လုပ်ငန်းတာဝန်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသည့် လုပ်ငန်းကော်မတီများနှင့် ဆပ်ကော်မတီများက သက်ဆိုင်ရာကဏ္ဍများအလိုက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ၂၀၂၄ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ရရှိကြသည့် မဟာဂန္ဓဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးတစ်ပါး၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးသုံးပါး၊ ဂန္ဓဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး လေးပါး၊ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးခြောက်ပါး၊ ဂန္ဓဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ သီလရှင်ဆရာကြီး နှစ်ပါး၊ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ သီလရှင်ဆရာကြီး တစ်ပါး၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ်တစ်ဦး၊ သုဓမ္မမဏိဇောတရ ဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ်တစ်ဦး၊ သုဓမ္မသိဂီ ဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ်နှစ်ဦးတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်များကို နေပြည်တော်ကောင်စီမှကြီးမှူး၍ ဆက်ကပ်လှူဒါန်း ချီးမြှင့်အပ်နှင်းသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

မိုင်းတုံ မတ် ၁၉

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများက နားကောင်းမှူး (ရွာသစ်) ကျေးရွာ၌ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာ မိုင်းတုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကျော့ကျော့ခိုင်နှင့် တာဝန်ရှိသူများသည် နားကောင်းမှူး (ရွာသစ်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအသင်းသား အသင်းသူများက အရင်းမပျောက်လည်ပတ်ရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများဖြစ်သည့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထုတ်ချေးနိုင်ခဲ့

နားကောင်းမှူး (ရွာသစ်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ အဆိုပါကျေးရွာရှိ အသင်းသား အသင်းသူ ၂၁ ဦးကို လည်ပတ်ရန်ပုံငွေကျပ် ၃၁၅ သိန်းအထိ ထုတ်ချေးနိုင်ခဲ့ကြောင်း သိရသည်။

JJJ

ကမ္ဘာ့ဒေါင်းစင်ဒရုန်းနေ့အထိမ်းအမှတ် အသိပညာပေးဆောင်းပါး

ဆက်လက်ဝဲ (MDevS)

၂၀၁၅ ခုနှစ် ဇွန်လ ၅ ရက်နေ့က ပြည်ထောင်စုလွှတ်တော်တွင် အတည်ပြုခဲ့သည့် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေပါ ရည်ရွယ်ချက်များ၌ "မသန်စွမ်းသူများ၏ ဂုဏ်သိက္ခာ၊ စွမ်းရည်နှင့် စွမ်းဆောင်နိုင်မှုများကို နိုင်ငံတော်နှင့် နိုင်ငံသားတို့က အသိအမှတ်ပြုနိုင်ရန်" ဆိုသည့် ရည်ရွယ်ချက်ပါဝင်ပါသည်။

အဆိုပါရည်ရွယ်ချက်အရ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီက "မသန်စွမ်းမှုအမျိုးအစားအလိုက် အထိမ်းအမှတ်နေ့များတွင် မသန်စွမ်းသူများ၏ အခွင့်အရေး၊ မသန်စွမ်းသူများ၏ ဂုဏ်သိက္ခာ၊ စွမ်းရည်နှင့် စွမ်းဆောင်နိုင်မှုများကို အများပြည်သူက ပိုမို အလေးထားအသိအမှတ်ပြုလာစေရေး လှုံ့ဆော် အသိပညာပေးလုပ်ငန်းများကို နိုင်ငံပိုင်စာနယ်ဇင်း၊ မီဒီယာများကတစ်ဆင့် ဆောင်ရွက်ရန်" ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့က ကျင်းပခဲ့သည့် အစည်းအဝေးတွင် ဆုံးဖြတ်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြန်လည်ထူထောင်ရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ်တို့ကို တာဝန်ပေးအပ်ခဲ့ပါသည်။

၂၀၀၆ ခုနှစ်မှစတင်၍ နှစ်စဉ် မတ်လ ၂၁ ရက်နေ့တိုင်း ကမ္ဘာ့ဒေါင်းစင်ဒရုန်း (Down Syndrome) နေ့အဖြစ် သတ်မှတ်ကာ အထိမ်းအမှတ်လှုပ်ရှားမှုများကို နှစ်စဉ်ကျင်းပလာခဲ့ပါသည်။ လာမည့် ၂၀၂၄ ခုနှစ် မတ်လ ၂၁ ရက်နေ့တွင် ကမ္ဘာ့ဒေါင်းစင်ဒရုန်းနေ့ ကျရောက်မည်ဖြစ်ရာ ဒေါင်းစင်ဒရုန်း ဉာဏ်ရည်မသန်စွမ်းသူများအတွက် တန်းတူအခွင့်အရေးရရှိမှုသေချာစေရန်၊ ဒေါင်းစင်ဒရုန်းကလေးများဘဝ ပိုမိုဖွံ့ဖြိုးလာစေရေး အထောက်အကူပြုနိုင်ရန်၊ အခြားကလေးများနည်းတူ ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများတွင် ပိုမိုပါဝင်လာနိုင်စေရန်၊ ဒေါင်းစင်ဒရုန်းမသန်စွမ်းသူများ၏ စွမ်းဆောင်နိုင်မှုကို ပိုမိုအသိအမှတ်ပြုလာစေရန်နှင့် ပြုစုပျိုးထောင်ပေးသော မိဘအုပ်ထိန်းသူများကို အားပေးကူညီနိုင်ရန်အတွက် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် အများပြည်သူသို့ ယခုကဲ့သို့ နှိုးဆော်အသိပေးရခြင်းဖြစ်ပါသည်။

> **"ဒေါင်းစင်ဒရုန်းသည် မျိုးဗီဇကြောင့် ကမ္ဘာပေါ်ရှိလူတိုင်းတွင် ဖြစ်ပွားနိုင်ပါသည်။ ဖြစ်ပွားရသည့်အကြောင်းရင်းမှာ သန္ဓေသားလောင်းဖြစ်ရန် မိခင်နှင့် ဖခင်ထံမှ မျိုးဗီဇသယ်ဆောင်သည့်အမျှင် (ခရိုမိုဇုန်း-chromosome)များ ပုံမှန်မဖြစ်ခြင်းကြောင့်ဟု ဆိုပါသည်။ ပုံမှန်သန္ဓေသားအတွက် ခရိုမိုဇုန်းအမျှင် ၂၃ စုံကို လက်ခံရရှိပါသည်။ ခရိုမိုဇုန်းအမျှင် တစ်စုံလျှင် အမျှင်နှစ်မျှင်နှုန်းဖြင့် စုစုပေါင်း ခရိုမိုဇုန်းအမျှင် ၄၆ ခု ပါရှိသည်။ ခရိုမိုဇုန်း ၄၆ စုံအနက် ၂၁ စုံမြောက် ခရိုမိုဇုန်းအမျှင်တစ်စုံ (အမျှင်နှစ်မျှင်) သည် ပုံမှန်မဟုတ်ဘဲ တစ်မျှင်ပိုမိုပါဝင်ခြင်းကြောင့် တစ်နည်းအားဖြင့် စုစုပေါင်းခရိုမိုဇုန်းအမျှင် ၄၇ ခုကြောင့် ဒေါင်းစင်ဒရုန်းကလေးများ မွေးဖွားလာရခြင်းဖြစ်"**

ဒေါင်းစင်ဒရုန်း အထိမ်းအမှတ်နေ့

ဒေါင်းစင်ဒရုန်းဆိုသည့် ဝေါဟာရကို မရင်းနှီးသေးသော ပြည်သူများကို ဦးစွာမိတ်ဆက်ပေးလိုပါသည်။ ဒေါင်းစင်ဒရုန်းသည် မျိုးဗီဇကြောင့် ကမ္ဘာပေါ်ရှိလူတိုင်းတွင် ဖြစ်ပွားနိုင်ပါသည်။ ဖြစ်ပွားရသည့် အကြောင်းရင်းမှာ သန္ဓေသားလောင်းဖြစ်ရန် မိခင်နှင့် ဖခင်ထံမှ မျိုးဗီဇသယ်ဆောင်သည့်အမျှင် (ခရိုမိုဇုန်း–chromosome)များ ပုံမှန်မဖြစ်ခြင်းကြောင့်ဟု ဆိုပါသည်။ ပုံမှန်သန္ဓေသားအတွက် ခရိုမိုဇုန်းအမျှင် ၂၃ စုံကို လက်ခံရရှိပါသည်။ ခရိုမိုဇုန်းအမျှင် တစ်စုံလျှင် အမျှင်နှစ်မျှင်နှုန်းဖြင့် စုစုပေါင်းခရိုမိုဇုန်းအမျှင် ၄၆ ခု ပါရှိသည်။

ခရိုမိုဇုန်း ၄၆ စုံ အနက် ၂၁ စုံမြောက် ခရိုမိုဇုန်းအမျှင်တစ်စုံ (အမျှင်နှစ်မျှင်) သည် ပုံမှန်မဟုတ်ဘဲ တစ်မျှင် ပိုမိုပါဝင်ခြင်းကြောင့် တစ်နည်းအားဖြင့် စုစုပေါင်းခရိုမိုဇုန်းအမျှင် ၄၇ ခုကြောင့် ဒေါင်းစင်ဒရုန်းကလေးများ မွေးဖွားလာရခြင်း ဖြစ်ပါသည်။ အဆိုပါအမျှင်တစ်စုံ၏ နံပါတ်သည် ၂၁ ခုမြောက် (Trisomy 21) ဖြစ်၍ မတ်လ ၂၁ ရက်နေ့ကို ကမ္ဘာ့ဒေါင်းစင်ဒရုန်းနေ့အဖြစ် သတ်မှတ်ခဲ့ကြခြင်း ဖြစ်ပါသည်။

ဒေါင်းစင်ဒရုန်း ဖြစ်နိုင်ခြေ

ကမ္ဘာ့နိုင်ငံများတွင် အရှင်မွေးကလေး ၈၀၀ တွင် တစ်ဦးသည် ဒေါင်းစင်ဒရုန်းကလေး ဖြစ်နိုင်ပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ကိုယ်ဝန်ဆောင်မိခင်နှင့် မွေးကင်းစကလေးများ၊ ကလေးသူငယ်များတွင် မသန်စွမ်းဖြစ်ပွားမှုနှုန်း အနည်းဆုံးဖြစ်စေရန် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေပုဒ်မ ၂၇ အရ ကျန်းမာရေးဝန်ကြီးဌာနအား စီမံချက်များချမှတ်၍ ဖော်ဆောင်စေလျက်ရှိပါသည်။ ဒေါင်းစင်ဒရုန်းနှင့် အခြားမျိုးဗီဇရောဂါများဖြစ်ပွားမှုကို ကာကွယ်လျှော့ချနိုင်ရေးအတွက် သားသမီးမယူမီ ကျွမ်းကျင်သောဆရာဝန်များ၊ ပညာရှင်များနှင့်တွေ့ဆုံပြီး မိမိတို့၏မျိုးဗီဇရောဂါဆိုင်ရာ တိုင်ပင်ဆွေးနွေးခြင်း (Genetic Counselling) ပြုလုပ်သင့်ပါသည်။

အထူးသဖြင့် မိမိကိုယ်တိုင် သို့မဟုတ် မိသားစုတွင် မျိုးဗီဇရောဂါရှိသူများ၊ ဒေါင်းစင်ဒရုန်းဝေဒနာခံစားနေရသည့် သား၊ သမီးကြီးရှိသည့် မိဘများ၊ နှုန်းလွန်အသံလှိုင်း (Ultrasound)ဖြင့် ကိုယ်ဝန်ကို စစ်ဆေးစဉ် မူမမှန်သောအခြင်းတစ်ခုခု တွေ့ရှိရသည့် မိခင်လောင်းများအနေဖြင့် မျိုးဗီဇရောဂါဆိုင်ရာ တိုင်ပင်ဆွေးနွေးခြင်းကို မဖြစ်မနေဆောင်ရွက်သင့်ပါသည်။ ကိုယ်ဝန်ဆောင်ချိန်တွင်လည်း (Triplemarkers tests/ Quard test)စသည်တို့ကို ဆောင်ရွက်၍ သန္ဓေသား၏ ဒေါင်းစင်ဒရုန်း ဖြစ်နိုင်ခြေ (High Risk Percentage) ကို တွက်ချက်စစ်ဆေးနိုင်ပါသည်။ ယင်းသို့စစ်ဆေးခြင်းဖြင့် ဒေါင်းစင်ဒရုန်းကလေးမွေးဖွားလာပါက ပြုစုပျိုးထောင်နိုင်ရေးကို ကြိုတင်စီစဉ်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

မိဘအသက်အရွယ်နှင့် ဒေါင်းစင်ဒရုန်း

ကျန်းမာရေးဆိုင်ရာစစ်တမ်းများတွင် မိခင်အသက်အရွယ်နှင့် ဒေါင်းစင်ဒရုန်းကလေး မွေးဖွားမှုသည် ဆက်စပ်ကြောင်း၊ မိခင်၏အသက် ၂၀ ဆိုပါက ၁:၁၄၄၀၊ အသက် ၃၀ ဆိုပါက ၁:၉၅၉၊ အသက် ၄၀ ဆိုပါက ၁:၈၄၊ အသက် ၅၀ ဆိုပါက ၁:၄၄ အချိုးအသီးသီးရှိကြောင်း ဖော်ပြထားပါသည်။ အသက် ၄၅ နှစ်အရွယ် ကိုယ်ဝန်ဆောင် ၃၀ တွင် တစ်ဦးက ဒေါင်းစင်ဒရုန်းကလေးမွေးဖွားနိုင်ခြေ အလွန်မြင့်မားကြောင်း ဆေးပညာဆိုင်ရာတွေ့ရှိချက်အရ အသက်ကြီးမိခင်မှ ဒေါင်းစင်ဒရုန်းကလေး မွေးဖွားနိုင်ခြေများသည်ဟု ဆိုနိုင်သော်လည်း ဒေါင်းစင်ဒရုန်းကလေး ၇၀ ရာခိုင်နှုန်းကို အသက် ၃၀ နှင့်အောက် မိခင်များက မွေးခဲ့ခြင်းဖြစ်ကြောင်း လေ့လာသိရှိနိုင်ပါသည်။

ထို့အပြင် ဖခင်၏ အသက်အရွယ်ကြီးခြင်းကြောင့်လည်း ဖြစ်နိုင်ကြောင်း၊ အသက်ကြီးသော အမျိုးသားနှင့် ၃၅ နှစ်နှင့်အထက် အမျိုးသမီးတို့ အိမ်ထောင်ပြု၍ သားသမီးရယူခြင်းသည် အသက် ၃၅ နှစ်အောက် အမျိုးသမီးနှင့် အိမ်ထောင်ပြု၍ သားသမီးရယူခြင်းထက် ဒေါင်းစင်ဒရုန်းကလေး ပိုမိုဖြစ်နိုင်ကြောင်းလည်း လေ့လာသိရှိနိုင်ပါသည်။ ဒေါင်းစင်ဒရုန်းကလေးမွေးဖွားမှုသည် အမျိုးသမီး အမျိုးသား အသက်အရွယ်အပေါ် မူတည်ခြင်းထက် မိမိ၏ ကံ ကံ၏ အကျိုးကြောင့်လည်း ဖြစ်နိုင်ကြောင်း အယူအဆများရှိပါသည်။

မသန်စွမ်းမှုအဆင့်ကို လျော့ချခြင်း

အမျိုးသားကော်မတီအနေဖြင့် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ မဟာဗျူဟာ ငါးနှစ်စီမံကိန်း (၂၀၂၂–၂၀၂၇)ကို ချမှတ်၍ ကျန်းမာရေးဝန်ကြီးဌာနအား ကျန်းမာရေးကဏ္ဍဆိုင်ရာ လုပ်ငန်းစီမံချက်ကို ရေးဆွဲစေကာ ဖော်ဆောင်စေလျက်ရှိပါသည်။ လုပ်ငန်းစီမံချက်တွင် "မသန်စွမ်းဖြစ်မှုနှင့် မသန်စွမ်းမှုအဆင့်အခြေအနေ (Disability Grading) ပိုမိုဆိုးရွားလာမှုကို ကြိုတင်ကာကွယ်သည့် အစီအစဉ်များ တိုးမြှင့်ဆောင်ရွက်ခြင်း" လုပ်ငန်းပါဝင်ပါသည်။ ဒေါင်းစင်ဒရုန်းကလေး အရွယ်ရောက်ပါက ဝေဒနာပျောက်ကင်းသွားခြင်းမရှိဘဲ အသက်ထက်ဆုံး အမြဲတမ်းမသန်စွမ်းမှုဖြင့် နေထိုင်သွားရမည်ဖြစ်ပါသည်။ သို့ဖြစ်၍ မသန်စွမ်းမှုအဆင့်အခြေအနေ ပိုမိုဆိုးရွားမလာရန် ကာကွယ်နိုင်ရေးအတွက် မွေးကင်းစကလေးများတွင် ဒေါင်းစင်ဒရုန်းဖြစ်၊ မဖြစ်ကို နိုင်ငံပိုင်ဆေးရုံကြီးများသို့ သွားရောက်ပြီး ပညာရှင်များဖြင့် တိုင်ပင်ပြသကာ စစ်ဆေး၍ အကြံဉာဏ်ရယူနိုင်ကြောင်း အသိပေးတိုက်တွန်းအပ်ပါသည်။

ဒေါင်းစင်ဒရုန်း သွင်ပြင်လက္ခဏာ

ကျွန်ုပ်တို့ပတ်ဝန်းကျင်တွင် ရှေးခေတ်မွန်ဂိုလူမျိုးမျက်နှာပေါက်မျိုးရှိသော ချစ်စရာကလေးများကို တွေ့မြင်နိုင်ပါသည်။ ယင်းကလေးများ၏ ဦးခေါင်း၊ မျက်နှာ၊ ခြေလက်သွင်ပြင် လက္ခဏာများသည် တူညီလေ့ရှိပါသည်။ ခေါင်းသေးခြင်း၊ ပြားခြင်း၊ မျက်နှာပြားခြင်း၊ မျက်လုံးထောင့်များ အပေါ်ဘက်သို့စွေနေခြင်း၊ နှာခေါင်းသေးပြီး နှာရိုးပြားခြင်း၊ ပါးစပ်သေးခြင်း၊ လျှာအပြင်ထွက်ပြီး အော်ကွဲနေခြင်း၊ မျက်ဆံတွင် အဖြူအပြောက်လေးရှိနေခြင်း၊ လက်တိုခြင်း၊ လက်သန်းကွေးနေခြင်း၊ ခြေညှိုးနှင့် ခြေခလယ်ကြားအကွာအဝေးကျဲနေခြင်း၊ လက္ခဏာတစ်ကြောင်းတည်းပါခြင်း၊ ကြွက်သားများ ပျော့နေခြင်း၊ ကိုယ်ခန္ဓာဖွံ့ဖြိုးမှုနောက်ကျခြင်း စသည်တို့သည် ဒေါင်းစင်ဒရုန်း၏ ထင်ရှားသောသွင်ပြင်များ ဖြစ်ပါသည်။

မွေးရာပါ အမြင်အာရုံချို့ယွင်းခြင်း၊ အကြားအာရုံချို့ယွင်းခြင်း၊ နှလုံးရောဂါ၊ ကင်ဆာ၊ သွေးကင်ဆာ၊ သိုင်းရွိုက်ရောဂါ၊ ဆီးချိုရောဂါ၊ အစာအိမ်အူလမ်းကြောင်းရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ မျိုးဆက်ပြန့်ပွားနိုင်ခြေနည်းခြင်း စသည့်ရောဂါများလည်း ပါဝင်လာနိုင်ပါသည်။ စကားပြောနှင့် ဉာဏ်ရည်ဖွံ့ဖြိုးမှုနောက်ကျခြင်းမရှိရန် ကုသမရသော်လည်း မိဘများနှင့် မိသားစုက လိုအပ်သောစောင့်ရှောက်မှုများပေးခြင်း၊ ကူညီဖေးမခြင်းနည်းလမ်းများဖြင့် ဒေါင်းစင်ဒရုန်းကလေးများကို ကိုယ်တိုင်အခက်အခဲမရှိ ရပ်တည်နေထိုင်နိုင်ရန် လေ့ကျင့်ပျိုးထောင်ပေးနိုင်ပါသည်။

ပြုစုပျိုးထောင်ခြင်း

ဒေါင်းစင်ဒရုန်းကလေးများကို လူမမာကဲ့သို့ အိပ်ရာပေါ်တွင်မထားရန်၊ အခြားကလေးများနှင့် အတူဆော့ကစားစေခြင်းကို ခွင့်ပြုရန်၊ နေ့စဉ်လုပ်ဆောင်ရသောကိစ္စများကို မိသားစုက လုပ်ပေးခြင်းမပြုဘဲ ဖြည်းဖြည်းမှန်မှန် အချိန်ယူ၍သင်ပေးရန် လုပ်ခွင့်ပြုရန်လိုအပ်ပါသည်။ အိပ်ချိန်၊ အိပ်ရာထချိန်၊ သွားတိုက်၊ မျက်နှာသစ်၊ ရေချိုး၊ အင်္ကျီဝတ်စသည်တို့ကို အချိန်မှန်ဆောင်ရွက်တတ်ရေး လေ့ကျင့်ပေးရန်၊ အလုပ်တစ်ခုပြီးနောက် အလုပ်လုပ်ရန် သိသာသည့်အချက်ပြသင်္ကေတများ (ဥပမာ– မျက်နှာသစ်ပြီး သွားတိုက်ရန် သွားတိုက်နေသော ရုပ်ပုံကိုပြသထားခြင်း)ကို စီစဉ်ထားပြီး နားလည်လိုက်နာစေရေး လေ့ကျင့်ပေးထားရန် စသည့်နည်းစနစ်များကို မိဘအုပ်ထိန်းသူများကိုယ်တိုင်နားလည်ထားရန် အရေးကြီးပါသည်။ ရုပ်ပုံ၊ ဓာတ်ပုံများဖြင့် ပြသသင်ကြားပေးခြင်းသည် ထိရောက်ကြောင်း သိရှိရသဖြင့် တစ်နေ့တာ လုပ်ဆောင်ရမည့် လှုပ်ရှားမှုပြ ရုပ်ပုံ၊ ဓာတ်ပုံများကို စုဆောင်း၍ ဒေါင်းစင်ဒရုန်းကလေးများကို လေ့ကျင့်ပေးသင့်ကြောင်း အကြံပေးလိုပါသည်။

ကျောင်းနေအရွယ်ရောက်ပါက သက်ဆိုင်ရာကျွမ်းကျင်သူများနှင့် ကလေးကို စစ်ဆေးမှုများပြုလုပ်ပြီး ကြိုတင်ပြင်ဆင်ရပါမည်။ အိမ်စာများကို ကလေးနှင့်အတူ ကူလုပ်ပေးခြင်း၊ နားမလည်သည့် သင်ခန်းစာများကို သင်ပြပေးခြင်း၊ ရိုက်ခြင်း၊ ဆူခြင်းမပြုဘဲ စိတ်ရှည်ရှည်ဖြင့် ညင်သာစွာပြောဆို သင်ကြားခြင်း စသည့်နည်းလမ်းများကိုလည်း နားလည်ထားရန် လိုအပ်ပါသည်။ နေ့စဉ်လူမှုဘဝတွင် ဦးဆောင်လုပ်ကိုင်တတ်စေရန် အဝတ်အစားကို ကိုယ်တိုင်ရွေးချယ်စေခြင်း၊ စိုးရိမ်စိတ်ဖြင့် အကာအကွယ်ပေးတားဆီးခြင်းအစား စောင့်ကြည့်ကာစောင့်ရှောက်ပေးခြင်း နည်းလမ်းများဖြင့် လွတ်လပ်ခွင့်၊ လုပ်ခွင့်ပေးခြင်း၊ ပြဿနာတစ်ရပ် (ဥပမာ–ကျောင်းက အတန်းဖော်နှင့် ဖြစ်တတ်သော ပြဿနာ၊ တွေ့ကြုံရသည့်အခက်အခဲ)ကို ကိုယ်တိုင် ဖြေရှင်းနိုင်ရန် အကူအညီပေးခြင်း၊ မှန်ကန်စွာ ဖြေရှင်းတတ်ရန် တည့်မတ်ပေးခြင်း စသည့် နည်းလမ်းများကိုလည်း အသုံးပြုနိုင်ပါသည်။

မိဘအုပ်ထိန်းသူများအနေဖြင့် ဒေါင်းစင်ဒရုန်းကလေးများကို ပြုစုပျိုးထောင်ရေး အသိပညာများကို တတ်ကျွမ်းနားလည်စေရန် လေ့လာပြီး စိတ်ခွန်အားအပြည့်ဖြင့် ဆောင်ရွက်ခြင်းဖြင့် မိဘများ ကွယ်လွန်သည့်အချိန်တွင် ကလေးကိုယ်တိုင် အမှီအခိုအနည်းဆုံးဖြင့် ရပ်တည်နေထိုင်သွားနိုင်မည်ဖြစ်ပါသည်။ နိုင်ငံတော်ကလည်း မသန်စွမ်းသူများ လူမှုအသိုင်းအဝိုင်းတွင် အခြားသူများနည်းတူ ပါဝင်ဆောင်ရွက်နိုင်ရေး၊ လုပ်ရည်ကိုင်ရည်နှင့် စွမ်းဆောင်ရည်ကို မြှင့်တင်ပေးနိုင်ရေး၊ ရုပ်ပိုင်း၊ စိတ်ပိုင်း၊ ဉာဏ်ရည်ပိုင်း၊ ဘာသာစကားဆိုင်ရာနှင့် လူမှုရေးပိုင်းဆိုင်ရာ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို မသန်စွမ်းသူများ၏

စာမျက်နှာ ၁၁ သို့ ❋

မြန်မာနိုင်ငံမှ မီဒီယာအဖွဲ့ မော်စကိုမြို့ ဒူးမားလွှတ်တော်မှဥက္ကဋ္ဌဖြစ်သူ Mr. Alexsey Valerievich Shaposhnikov အား တွေ့ဆုံမေးမြန်းစဉ်။



မြန်မာနိုင်ငံမှ မီဒီယာအဖွဲ့ မဲရုံအမှတ်(၄၁၀)၌ ဒေသခံပြည်သူများကိုယ်တိုင် မဲပေးသည့်စနစ်နှင့် မဲပေးနေမှုများကို သွားရောက်ကြည့်ရှုလေ့လာစဉ်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတရွေးကောက်ပွဲအား မြန်မာနိုင်ငံမှ မီဒီယာအဖွဲ့ သွားရောက်လေ့လာသတင်းယူ

နေပြည်တော် မတ် ၁၉

ရုရှားဖက်ဒရေးရှင်းနိုင်ငံ President of the Civic Chamber of the Russian Federation ၏ ဖိတ်ကြားမှုအရ မြန်မာ-ရုရှားချစ်ကြည်ရေးအသင်း၏ စီစဉ်ပေးမှုဖြင့် ၂၀၂၄ ခုနှစ် မတ် ၁၅ ရက်မှ ၁၇ ရက်အထိ ကျင်းပသော ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတရွေးကောက်ပွဲကို သတင်းမှတ်တမ်းရယူရှိုက်ကူးရန်နှင့် ရုရှားနိုင်ငံအတွင်း မီဒီယာပိုင်းဆိုင်ရာ ပူးပေါင်းလေ့လာရေးများဆောင်ရွက်ရန်အတွက် မြန်မာမီဒီယာအဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့သို့ သွားရောက်ခဲ့ကြသည်။

အဆိုပါ မြန်မာမီဒီယာအဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတရွေးကောက်ပွဲကာလအတွင်း ရွေးကောက်ပွဲ စည်းကမ်းထိန်းသိမ်းရေးဌာနချုပ်သို့ သွားရောက်၍ ရွေးကောက်ပွဲမဲပေးမှုအခြေအနေအား ကြီးကြပ်ကွပ်ကဲနေမှုများကို လေ့လာရိုက်ကူးမှတ်တမ်းတင်ခြင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ ဒူးမားလွှတ်တော်မှ ဥက္ကဋ္ဌဖြစ်သူ Mr. Alexsey Valerievich Shaposhnikov နှင့် တွေ့ဆုံမေးမြန်းခြင်း၊ ရွေးကောက်ပွဲစည်းကမ်းထိန်းသိမ်းရေးဌာနချုပ်အတွင်း အွန်လိုင်းမဲပေးစနစ်နှင့် မဲပေးနေမှုများကို စောင့်ကြည့်ထိန်းသိမ်းထားမှု၊ မော်စကိုမြို့အတွင်း မဲပေးလျက်ရှိသော မဲရုံများအား စောင့်ကြည့်နေမှု၊ အီလက်ထရောနစ်စနစ်နှင့် မဲပေးသည့်စက်များနှင့် မဲပေးပုံနည်းစနစ်များလေ့လာခြင်း၊ မော်စကိုမြို့အတွင်းရှိ မဲရုံအမှတ်(၄၁၀)နှင့် (၄၀၂) တို့တွင် ဒေသခံပြည်သူများကိုယ်တိုင် မဲပေးသည့်စနစ်နှင့် မဲပေးနေမှုများကို သွားရောက်ကြည့်ရှုလေ့လာရိုက်ကူးမှတ်တမ်းတင်ခြင်း၊ မြန်မာမဲပေးကြသူများအား တွေ့ဆုံမေးမြန်းခြင်း၊ မြန်မာနိုင်ငံ ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို အပါအဝင် နိုင်ငံတကာမှ ရွေးကောက်ပွဲလေ့လာသူများအား တွေ့ဆုံမေးမြန်းခြင်း၊ ဒူးမားအထက်လွှတ်တော်ဒုတိယဥက္ကဋ္ဌ Mr. Sholban Kara-ool နှင့် တွေ့ဆုံ၍ ရွေးကောက်ပွဲဆိုင်ရာများနှင့် ပတ်သက်၍ သိရှိလိုသည်များ မေးမြန်းခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတရွေးကောက်ပွဲကို မတ် ၁၅ ရက်မှ ၁၇ ရက်ထိ ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး သမ္မတလောင်းလေးဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ မဲရေတွက်မှု ၁၀၀ ရာခိုင်နှုန်းပြီးစီးချိန်တွင် Vladimir Vladimirovich Putin က ၈၇ ဒသမ ၂၈ ရာခိုင်နှုန်း၊ Nikolai Mikhailovich Kharitonov က ၄ ဒသမ ၁၁ ရာခိုင်နှုန်း၊ Vladislav Andreevich Davankov က ၃ ဒသမ ၈၅ ရာခိုင်နှုန်း၊ Leonid Eduardovich Slutskyက ၃ ဒသမ ၂၀ ရာခိုင်နှုန်း အသီးသီးရရှိကြောင်းနှင့် Vladimir Vladimirovich Putin က ပြတ်သားသည့် မဲရလဒ်ဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

မြန်မာမီဒီယာအဖွဲ့အနေဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတရွေးကောက်ပွဲကို ယခုကဲ့သို့ သွားရောက်လေ့လာခဲ့ရသောကြောင့် ရုရှားနိုင်ငံ၏ ရွေးကောက်ပွဲကျင်းပပုံနည်းစနစ်များ၊ ရွေးကောက်ပွဲစီမံခန့်ခွဲမှုနည်းလမ်းများ၊ ရွေးကောက်ပွဲတွင် နည်းပညာအသုံးပြုဆောင်ရွက်နေမှုများ၊ သတင်းမီဒီယာနှင့် မီဒီယာကဏ္ဍများကို လေ့လာသိရှိနိုင်မည့်အပြင် နိုင်ငံတကာမှ ရွေးကောက်ပွဲလေ့လာသူများအကြား အမြင်ချင်းဖလှယ်ဆွေးနွေးခွင့်များ၊ အတွေ့အကြုံ မျှဝေခွင့်များ ရရှိခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ကျိုက်လတ်၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေး

ကျိုက်လတ် မတ် ၁၉

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ယနေ့နံနက်ပိုင်းက အိမ်ယာကြီးကျေးရွာအုပ်စုသို့ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကျိုက်လတ်မြို့နယ် ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးထွန်းဆွေ၏ ဦးဆောင်ကြီးကြပ်မှုဖြင့် အိမ်ယာကြီးကျေးရွာအုပ်စုတွင် နေထိုင်သည့် ပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးပြီး နိုင်ငံသားစိစစ်ရေးကတ်များ ကိုင်ဆောင်ခြင်းဖြင့် ရရှိသည့် အကျိုးကျေးဇူးများနှင့် မပျောက်ပျက်အောင် ထိန်းသိမ်းရမည့်နည်းလမ်းများကို အသိပညာပေးပြောကြားခဲ့ကြောင်း သိရသည်။

သပြေထွန်း

❁ **စာမျက်နှာ ၁၀ မှ**

အခွင့်အရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အမျိုးသားကော်မတီက မူဝါဒများချမှတ်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများအား စီမံချက်များနှင့် အစီအစဉ်များရေးဆွဲစေကာ တစ်နှစ်ထက်တစ်နှစ် တိုးမြှင့်ဖော်ဆောင်စေလျက်ရှိပါသည်။

ခွဲခြားဆက်ဆံခြင်းမပြုရန်

ဒေါင်းစင်ဒရုန်းကလေးများသည် ရုပ်ပိုင်းနှင့် ဉာဏ်ရည်ပိုင်းတွင် အခြားကလေးများနှင့် ကွဲပြားမှုရှိသော်လည်း ပင်ကိုသဘောထားနူးညံ့သူများဖြစ်ပြီး အလွယ်တကူ ဒေါသထွက်ခြင်းမရှိဘဲ အကျင့်ကောင်းမွန်သူများ ဖြစ်ကြပါသည်။ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ဒေါင်းစင်ဒရုန်း ဉာဏ်ရည်မသန်စွမ်းသူများသည် အလုပ်လုပ်ကိုင်နိုင်ကြပြီး ဝတ်စုံဒီဇိုင်နာ၊ တေးဂီတ၊ အားကစား၊ ကျောင်းဆရာ၊ မော်ဒယ်၊ ပန်းပုဆရာ၊ စာရေးဆရာ၊ သရုပ်ဆောင်၊ မုန့်တိုက်လုပ်ငန်းစသည့်ကဏ္ဍစုံတွင် ထူးချွန်သူများအဖြစ် ရပ်တည်လျက်ရှိပါသည်။

စပိန်နိုင်ငံမှ Angela Bachiller သည် ဒေါင်းစင်ဒရုန်း ဉာဏ်ရည်မသန်စွမ်းသူများ ရွေးကောက်ခံပိုင်ခွင့်အတွက် ကြိုးပမ်းခဲ့သူ နိုင်ငံရေးသမားအဖြစ် ထင်ရှားပါသည်။ သို့ဖြစ်၍ အခြားကလေးများနည်းတူ သွားလာနေထိုင်ပြုမူခြင်းကို လုပ်ခွင့်ရရှိစေရေး မိသားစုအပါအဝင် အများပြည်သူအနေဖြင့် ခွဲခြားဆက်ဆံခြင်းမပြုဘဲ တန်းတူလေ့ကျင့်သင်ကြားပေးရန် အရေးကြီးပါသည်။ နိုင်ငံတော်အနေဖြင့်လည်း မသန်စွမ်းသူများကို တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အဖွဲ့အစည်းများကဖြစ်စေ၊ လုပ်ငန်းဌာနများကဖြစ်စေ နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံခြင်း၊ အကြမ်းဖက်ခြင်း၊ အလွဲသုံးခြင်း၊ လျစ်လျူရှုခြင်းတို့မှ အကာအကွယ်ပေးနိုင်ရန် ဥပဒေ၊ နည်းဥပဒေများ ထုတ်ပြန်ပြီး စီမံဆောင်ရွက်ပေးလျက်ရှိပါသည်။

အထူးပညာရေးအစီအစဉ်

နိုင်ငံတော်အစိုးရသည် မသန်စွမ်းကလေးသူငယ်တိုင်းအတွက် ပညာသင်ကြားရေးဆိုင်ရာ အခွင့်အလမ်းများရရှိစေရန် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာနများသို့ တာဝန်ပေးဆောင်ရွက်စေလျက်ရှိပါသည်။ ကျောင်းပညာသင်ကြားနိုင်သည့် ဒေါင်းစင်ဒရုန်းကလေးများအနေဖြင့် အခြားကလေးများနည်းတူ အခြေခံပညာကျောင်းများတွင် တက်ရောက်သင်ကြားနိုင်ပါသည်။

ကျောင်းပညာမသင်ကြားနိုင်သော မသန်စွမ်းကလေးများအား ပတ်ဝန်းကျင်အသိုင်းအဝိုင်းတွင် အခက်အခဲမရှိရုပ်တည်နိုင်ရန်၊ စွမ်းဆောင်ရည်မြင့်မားလာရန်အတွက် နိုင်ငံပိုင်နှင့် အစိုးရကျောင်းများမှတ်ပုံတင်ထားသော ပုဂ္ဂလိကကျောင်းများ၏ သီးသန့်အထူးပညာရေးအစီအစဉ်များတွင် ပါဝင်တက်ရောက်နိုင်ပါသည်။ ယင်းအစီအစဉ်များတွင် ဒေါင်းစင်ဒရုန်းကလေးများအတွက် စကားပြောကုထုံးများနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်များဆိုင်ရာ အထူးလေ့ကျင့်ခန်းများကို သင်ကြားပေးလျက်ရှိပါသည်။

မိဘအုပ်ထိန်းသူများအနေဖြင့် ဒေါင်းစင်ဒရုန်းကလေးများကို နွေးထွေးလုံခြုံမှုပေးခြင်း၊ စနစ်တကျ လေ့ကျင့်သင်ကြားပေးခြင်း၊ ဂရုတစိုက်ပြုစုပျိုးထောင်ပေးခြင်းတို့ဖြင့် ကလေးများ ကြီးပြင်းလာပါက မိမိကိုယ်တိုင်ရပ်တည်နေထိုင်နိုင်သည့် အပြင် မိသားစုနှင့်ပတ်ဝန်းကျင်အတွက် တန်ဖိုးရှိသူတစ်ဦး ဖြစ်လာနိုင်ပါသည်။

မြန်မာနိုင်ငံတွင် ၂၀၁၅ ခုနှစ်မှစတင်၍ ကမ္ဘာ့ဒေါင်းစင်ဒရုန်းနေ့အထိမ်းအမှတ် လှုပ်ရှားမှုများကို မသန်စွမ်းအသင်းအဖွဲ့များ၊ ဒေါင်းစင်ဒရုန်း မသန်စွမ်းသူများ၏ မိဘများက စတင်ဆောင်ရွက်လာခဲ့ရာ ယခုနှစ်တွင် (၁၀)နှစ် ပြည့်မြောက်ပြီ ဖြစ်ပါသည်။ အမျိုးသားကော်မတီ၏ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ မဟာဗျူဟာငါးနှစ်စီမံကိန်း (၂၀၂၂-၂၀၂၇)အရ ပညာရေး၊ ကျန်းမာရေး၊ အလွယ်တကူလက်လှမ်းမီ ရယူအသုံးပြုနိုင်ရေး၊ လူမှုကာကွယ်စောင့်ရှောက်ရေး၊ သဘာဝဘေးနှင့် အရေးပေါ်အခြေအနေ၊ လုပ်ငန်းနှင့် အလုပ်အကိုင်ဆိုင်ရာလုပ်ငန်းစီမံချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများက ရေးဆွဲဖော်ဆောင်လျက်ရှိရာ မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ်နှင့် မိတ်ဖက်အဖွဲ့အစည်းများက ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

ယင်းသို့ဆောင်ရွက်ရာတွင် ဉာဏ်ရည်မသန်စွမ်းသူများ၏ အခွင့်အရေး၊ ဒေါင်းစင်ဒရုန်းကလေးများဘဝ ပိုမိုဖွံ့ဖြိုးလာစေရေး၊ ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများတွင် ပိုမိုပါဝင်လာနိုင်စေရေးအတွက် တန်းတူအလေးထား ထည့်သွင်းအကောင်အထည် ဖော်လျက်ရှိပါသည်။

အများပြည်သူအနေဖြင့် ဒေါင်းစင်ဒရုန်း ဉာဏ်ရည်မသန်စွမ်းသူများ၏ စွမ်းဆောင်နိုင်မှုများနှင့် ယင်းသို့ စွမ်းဆောင်နိုင်ရန် ပြုစုပျိုးထောင်ပေးသော မိဘအုပ်ထိန်းသူများ၏ ကြိုးပမ်းအားထုတ်မှုများကို အသိအမှတ်ပြုကြဆိုရင်း ဒေါင်းစင်ဒရုန်းကလေးများဘဝ ပိုမိုဖွံ့ဖြိုးလာစေရေးအတွက် ဝိုင်းဝန်းအထောက်အကူ ပြုကြပါစို့ဟု တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

တာချီလိတ်နယ်စပ်ဒေသတွင် တင်သွင်း/တင်ပို့လုပ်ငန်းများနှင့်ဆက်စပ်သည့် အကောက်ခွန်ဆိုင်ရာ ကုန်ပစ္စည်းရှင်းလင်းရေး လုပ်ငန်းစဉ်များကို ၂၀၂၄ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့မှစ၍ MACCS စနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာချက်

၁။ အကောက်ခွန်ဦးစီးဌာနသည် ရန်ကုန်ဧရိယာ၊ မြဝတီနယ်စပ်ဒေသ၊ မူဆယ်နယ်စပ်ဒေသနှင့် ချင်းရွှေဟော်နယ်စပ်ဒေသတို့တွင် မြန်မာအလိုအလျောက် ကုန်စည်ရှင်းလင်းရေးစနစ် (Myanmar Automated Cargo Clearance System) ကို အသုံးပြုလျက်ရှိပြီး ယခုအခါ တိုးချဲ့ဒေသအဖြစ် တာချီလိတ်နယ်စပ်ဒေသတွင် ၂၀၂၄ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့မှစတင်၍ အသုံးပြုသွားမည်ဖြစ်ပါသည်။

၂။ တာချီလိတ်နယ်စပ်ဒေသတွင် MACCS စနစ် အောင်မြင်စွာအသုံးပြုနိုင်ရေးအတွက် အကောက်ခွန်ဦးစီးဌာနမှ ဝန်ထမ်းများ၊ ကုန်သွယ်မှု ဆက်စပ်ဌာနများ၊ တာချီလိတ်နယ်စပ်ကုန်သည်ကြီးများအသင်း၊ တာချီလိတ်မြို့ရှိ ကုန်ပစ္စည်း တင်သွင်း/တင်ပို့သည့် ကုမ္ပဏီများနှင့် အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်းတို့၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ခဲ့ရာ ကုန်သွယ်မှုဆက်စပ်ဌာနများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်ခြင်း၊ MACCS User များအတွက် စနစ်အသုံးပြုမှုဆိုင်ရာ စာတွေ့လက်တွေ့သင်တန်းများ ဖွင့်လှစ်ပို့ချခြင်းနှင့် စနစ်စမ်းသပ်အသုံးပြုခြင်း (Running Test) တို့ကို ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

၃။ အကောက်ခွန်ဦးစီးဌာနသည် တာချီလိတ်နယ်စပ်ဒေသနှင့် ဆက်စပ်သည့် ကုန်သွယ်မှုလမ်းကြောင်းတစ်လျှောက်ရှိ စစ်ဆေးရေးစခန်းများတွင် တင်သွင်း/တင်ပို့လုပ်ငန်းများနှင့် ဆက်စပ်သည့် အကောက်ခွန်ဆိုင်ရာ ကုန်ပစ္စည်းရှင်းလင်းရေးလုပ်ငန်းစဉ်များကို MACCS စနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်သဖြင့် တာချီလိတ်နယ်စပ်ဒေသတွင် တင်သွင်း/တင်ပို့လုပ်ငန်းများ ဆောင်ရွက်နေသည့် ကုမ္ပဏီများနှင့် အကောက်ခွန်ဝန်ဆောင်မှုဆောင်ရွက်သူများအနေဖြင့် အကောက်ခွန်ဆိုင်ရာ ကုန်ပစ္စည်းရှင်းလင်းရေးလုပ်ငန်းစဉ်များကို (၂၂.၃.၂၀၂၄) ရက်နေ့မှစ၍ MACCS စနစ်ဖြင့် ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

အကောက်ခွန်ဦးစီးဌာန
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး မွန်ပြည်နယ်အတွင်း ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာန ဝန်ထမ်းများနှင့် တွေ့ဆုံ

နေပြည်တော် မတ် ၁၉

ဟိုတယ်နှင့် ခရီသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးသည် ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့ ဘိုကုန်းရပ်ရှိ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန မော်လမြိုင်ရုံးသို့ သွားရောက်ကာ ရုံးအဆောက်အအုံအသစ်တည်ဆောက်မည့် မြေနေရာကိုလှည့်လည်ကြည့်ရှုပြီး မော်လမြိုင်ရုံးတွင် တာဝန်ထမ်းဆောင်နေကြသော အရာထမ်းအမှုထမ်းများနှင့် တွေ့ဆုံသည်။

မှာကြား

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက ဝန်ထမ်းများအနေဖြင့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များဆောင်ရွက်ရာတွင် ဝန်ကြီးဌာနမှ ထုတ်ပြန်ထားရှိသော ရည်ရွယ်ချက်များ၊ မူဝါဒများ၊ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ မွန်ပြည်နယ် အတွင်းရှိ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ကြရာတွင် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သော လုပ်ငန်းများအားလုံး ဖွံ့ဖြိုးတိုးတက်လာစေရေး အတွက် ရည်မှန်းချက်ထား ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

မွန်ပြည်နယ်အတွင်းရှိ ခရီးစဉ်ဒေသများ သန့်ရှင်းသာယာလှပရေးနှင့် ယင်းဒေသများသို့ ခရီးသွားဧည့်သည်များ ပိုမိုတိုးတက် ဝင်ရောက်လာရေးအတွက် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုတွင် ဝန်ထမ်းများ၏ အခန်းကဏ္ဍမှာ အရေးကြီးသဖြင့် လုပ်ငန်းနှင့် ဆက်စပ်သော ဗဟုသုတများ ကြွယ်ဝနေစေရေးအတွက် စဉ်ဆက်မပြတ်လေ့လာသင်ယူနေကြရန် လိုအပ်ပါကြောင်း မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိရာမှ တပ်ရင်းဌာနချုပ်ရှိ မိသားစုဝင်များရှိရာသို့ ပြန်လည်စုဖွဲ့ လေ့ကျင့်လျက်ရှိသော တပ်မတော်သားများ စိတ်ပျော်ရွှင်ကြည်နူးချမ်းမြေ့စေရန် ဂုဏ်ပြုဖျော်ဖြေပွဲ ကျင်းပ

နေပြည်တော် မတ် ၁၉

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုး အိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေးအတွက် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့်ဝေးကွာ၍ နေ့မအား ညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်လျက်ရှိရာမှ တပ်ရင်းဌာနချုပ်ရှိ မိသားစုဝင်များရှိရာသို့ ပြန်လည်စုဖွဲ့လေ့ကျင့်လျက်ရှိသော တပ်မတော်သားများ စိတ်ပျော်ရွှင်ကြည်နူး ချမ်းမြေ့စေရန်အတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့များမှ အရာရှိ၊ စစ်သည်၊ စစ်သမီးများက တိုင်းစစ်ဌာနချုပ်အသီးသီးရှိ ရှေ့တန်းစခန်းများနှင့် နယ်မြေခံ တပ်ရင်းဌာနချုပ်များသို့ အလှည့်ကျသွားရောက်၍ ကိုယ်ချင်းစာစိတ် အပြည့်အဝဖြင့် ဂုဏ်ပြုဖျော်ဖြေလျက်ရှိသည်။

ကြည့်ရှုအားပေး

ထိုသို့ သွားရောက်ဂုဏ်ပြုသီဆိုကပြ ဖျော်ဖြေလျက်ရှိရာ ယနေ့တွင် တနင်္သာရီတိုင်းဒေသကြီး ကလိန်အောင်မြို့ရှိ တပ်နယ်ခန်းမ၌ နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့များမှ အရာရှိ၊ စစ်သည်၊ စစ်သမီးများက စစ်ချီတေး၊ စစ်သည်တေးသီချင်းများ၊ ခေတ်ပေါ်နှင့် ခေတ်ဟောင်းတေးသီချင်းများဖြင့် သီဆိုကပြ ဖျော်ဖြေကြရာ အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများနှင့် မိသားစုဝင်များက စိတ်လက်ပျော်ရွှင်ကြည်နူး ချမ်းမြေ့စွာဖြင့် ကြည့်ရှုအားပေး၍ လွတ်လပ်ပေါ့ပါးစွာ အတူတကွ ပါဝင်သီဆိုကြသည်။

ထိုကဲ့သို့ လာရောက်သီဆိုဖျော်ဖြေ ပေးကြသည့် အဖွဲ့သူ အဖွဲ့သားများကို နယ်မြေခံတပ်မှ တာဝန်ရှိသူများနှင့် မိသားစုဝင်များက ဒေသထွက်လက်ဆောင်ပစ္စည်းများ ပေးအပ်ကြပြီး ဒေသထွက် အစားအစာများဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

စိတ်ကြိုက်မြန်မာစာ ဖြေဆိုမှုပြီးစီး၍ ၂၀၂၄ ခုနှစ် စနစ်သစ် တက္ကသိုလ်ဝင်စာမေးပွဲကြီး ပြီးဆုံး

ရန်ကုန် မတ် ၁၉

၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် စနစ်သစ် သင်ရိုးညွှန်းတမ်းဖြင့် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၁ ရက်မှ ၁၉ ရက်အထိ ကျင်းပခဲ့ရာ ဘာသာတွဲ လေးတွဲဖြင့် ကျောင်းသား ကျောင်းသူများ ဖြေဆိုခဲ့ကြပြီး ယနေ့တွင် Stams (2)အတွဲမှ နောက်ဆုံး ဘာသာရပ်ဖြစ်သော စိတ်ကြိုက်မြန်မာစာ ဘာသာရပ်ကို ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် အမှတ်(၂) အထက်တန်းကျောင်း စာစစ်ဌာန၌ ကျောင်းသူတစ်ဦး ဖြေဆိုခဲ့ကာ ၂၀၂၄ ခုနှစ်၏ စနစ်သစ် တက္ကသိုလ်ဝင်စာမေးပွဲကြီး ပြီးဆုံးခဲ့သည်။

စိတ်ကြိုက်မြန်မာစာဘာသာရပ်ကို နိုင်ငံတစ်ဝန်းတွင် ရန်ကုန်တိုင်းဒေသကြီးမှ အသက် ၃၉ နှစ်ရှိ ကျောင်းသူတစ်ဦးတည်း မလျှော့သောဇွဲဖြင့် ယခုနှစ်တွင်လည်း ဆက်လက်ဖြေဆိုခဲ့ခြင်းဖြစ်သည်။

“၂၀၂၃-၂၀၂၄ စာသင်နှစ်ရဲ့ တက္ကသိုလ်ဝင်စာမေးပွဲမှာ ဒီနေ့ဟာ နောက်ဆုံးနေ့လည်းဖြစ်ပါတယ်။ စိတ်ကြိုက်မြန်မာစာ ဖြေဆိုတဲ့နေ့ပါ။ တစ်နိုင်ငံလုံးမှာတစ်ဦးတည်းပဲ ရှိပါတယ်။ စမ်းချောင်းမြို့နယ် အမှတ်(၂) အထက်တန်းကျောင်းစာစစ်ဌာနမှာ ဖြေဆိုသူ စိတ်အေးချမ်းစွာဖြေဆိုနိုင်အောင် လုံခြုံရေးနဲ့ကျန်းမာရေးကို အပြည့်အဝဆောင်ရွက်ပေးခဲ့ပါတယ်။ ဖြေဆိုသူရဲ့မိသားစုဝင်တွေလည်း ဝမ်းမြောက်ဝမ်းသာဖြစ်မယ်လို့ ယုံကြည်ပါတယ်။ ဖြေဆိုသူဟာ ဇွဲရှိရှိနဲ့ဖြေဆိုလာတာ ဖြစ်ပါတယ်။ ဒီနေ့ဖြေဆိုတဲ့ သမီးလေးအပါအဝင် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြတဲ့ ကျောင်းသား ကျောင်းသူအားလုံး ဖြေဆိုနိုင်ကြပါစေ။ အောင်မြင်မှုရလဒ်တွေ ရရှိကြပါစေလို့ ဆန္ဒပြုပါတယ်”ဟု ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူး ဒေါက်တာ ချိုချိုမြတ်အောင်က ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စာစစ်ဌာန ၇၃ ခုတွင် ကျောင်းသား ကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲကို စိတ်အေးချမ်းပျော်ရွှင်စွာ ဖြေဆိုခဲ့ကြပြီး တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ ကျန်းမာရေးနှင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များက လုံခြုံရေးနှင့် ကျန်းမာရေးကို အထူးကြပ်မတ် ဆောင်ရွက်ပေးခဲ့ကြသည်။

ညိမ်းသူ(သတင်းစဉ်)၊ ဓာတ်ပုံ- ကန္နး

ဖိလစ်ပိုင်နှင့် အီးယူတို့ လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်ဆိုင်ရာ ဆွေးနွေးပွဲများ ပြန်လည်စတင်

မနီလာ မတ် ၁၉

ဖိလစ်ပိုင်နိုင်ငံနှင့် ဥရောပသမဂ္ဂ(အီးယူ)တို့သည် လွတ်လပ်သောကုန်သွယ်ရေးသဘောတူညီချက်အတွက် ဆွေးနွေးပွဲများကို မတ် ၁၈ ရက်တွင် ပြန်လည်စတင်ခဲ့ကြောင်း ဖိလစ်ပိုင်နိုင်ငံကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနက မတ် ၁၉ ရက်တွင် ကြေညာခဲ့သည်။

ဥရောပသမဂ္ဂနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ အားကောင်းရေးသည် ဖိလစ်ပိုင်နိုင်ငံအတွက် ဦးစားပေးလုပ်ငန်းစဉ်တစ်ခုအဖြစ် ဆက်လက်ရှိနေဆဲဖြစ်ကြောင်း ဖိလစ်ပိုင်နိုင်ငံ ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာန ဝန်ကြီး ပက်စကူယယ်က ပြောကြားသည်။ ထို့ပြင် ဥရောပသမဂ္ဂသည် ဖိလစ်ပိုင်နိုင်ငံ၏ အကြီးဆုံးကုန်သွယ်ဖက်နှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အရင်းအမြစ်တစ်ခုဖြစ်သောကြောင့် ဖိလစ်ပိုင်နိုင်ငံက ဥရောပသမဂ္ဂနှင့် လွတ်လပ်သောကုန်သွယ်ရေးသဘောတူညီချက်ရရှိရန် ရည်ရွယ်ခြင်းဖြစ်ကြောင်းလည်း ၎င်းကဆက်လက်ပြောကြားသည်။

၂၀၂၃ ခုနှစ်အတွင်းက ဥရောပသမဂ္ဂသည် ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၁၆ ဘီလီယံဖြင့် ဖိလစ်ပိုင်နိုင်ငံ၏ ပဉ္စမမြောက် အကြီးဆုံး ကုန်သွယ်ဖက်အဖြစ် ရပ်တည်ခဲ့ပြီး ဖိလစ်ပိုင်နိုင်ငံ၏ ကုန်သွယ်မှုစုစုပေါင်း၏ ၈ ဒသမ ၁ ရာခိုင်နှုန်း ရှိကြောင်း သိရသည်။

ထို့ပြင် ၂၀၂၂ ခုနှစ်တွင် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၂၉ ဒသမ ၁၆ သန်းနှင့် ၂၀၂၃ ခုနှစ်တွင် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၆၃ ဒသမ ၉၉ ဘီလီယံအသီးသီး ရှိခဲ့ခြင်းကြောင့် ဥရောပသမဂ္ဂသည် ဖိလစ်ပိုင်နိုင်ငံ၏ အဓိကအရေးပါသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မိတ်ဖက်ဖြစ်ခဲ့ကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံနှင့် ဥရောပသမဂ္ဂတို့၏ လွတ်လပ်သောကုန်သွယ်ရေးသဘောတူညီချက်သည် ဝန်ဆောင်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်လုပ်ဆောင်ရန် ရည်ရွယ်ကြောင်းနှင့် အခြေခံအဆောက်အအုံ၊ ဒစ်ဂျစ်တယ်နည်းပညာ၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်စသည့် အဓိကကဏ္ဍများတွင် ဥရောပသမဂ္ဂထံမှ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဆွဲဆောင်ရန် ဖိလစ်ပိုင်နိုင်ငံအား အထောက်အပံ့ဖြစ်စေမည်ဖြစ်ကြောင်း သိရသည်။ **ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

အစ္စရေးစစ်တပ်က ဂါဇာရှိ အယ်လ်ရှီဖာဆေးရုံအား စီးနင်းတိုက်ခိုက်

ကျေရွာဆလင် မတ် ၁၉

အစ္စရေးစစ်တပ်က ဂါဇာမြို့ရှိ အယ်လ်ရှီဖာဆေးရုံကို စီးနင်းတိုက်ခိုက်ရာတွင် စစ်သွေးကြွအယောက် ၂၀ ထက်မနည်းသေဆုံးခဲ့ကြောင်း ယနေ့ဆင်ဟွာသတင်းတစ်ရပ်အရ သိရသည်။

"ဆေးရုံတွေဟာ ဘယ်တော့မှ စစ်မြေပြင် မဖြစ်သင့်ပါဘူး။ ကျန်းမာရေးဝန်ထမ်းတွေ၊ လူနာတွေနဲ့ အရပ်သားတွေကို အန္တရာယ်ဖြစ်စေတဲ့ ဂါဇာမြောက်ပိုင်းက အယ်လ်ရှီဖာဆေးရုံရဲ့ အခြေအနေကို မိမိတို့အလွန်စိုးရိမ်နေပါတယ်" ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အကြီးအကဲ ဂါဘာရီယီဆက်က ဆိုရှယ်မီဒီယာပလပ်ဖောင်း အိပ်စ်တွင် ပြောကြားခဲ့သည်။

အများအပြားသေဆုံး

ဆိုရှယ်မီဒီယာတွင် ပျံ့နှံ့နေသည့် ဗီဒီယိုများတွင် သေနတ်ပစ်ခတ်သံကိုကြားရပြီး ဆေးရုံကို တိုက်ခိုက်ရန်အတွက် လက်နက်ကြီးများကို အစ္စရေးတပ်များက အသုံးပြုခဲ့သောကြောင့် အများအပြား သေဆုံးခဲ့ကြောင်း ပါလက်စတိုင်း ကျန်းမာရေးအာဏာပိုင်များက အတည်ပြုခဲ့သည်။ အစ္စရေးတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဒယ်နီရယ်ဟာဂါရီက ဟားမတ်စ်စစ်သွေးကြွများသည် အယ်လ်ရှီဖာဆေးရုံတွင် ပြန်လည်စုစည်းလာသောကြောင့် တိုက်ခိုက်ရခြင်းဖြစ်သည်ဟု ပြောကြားသည်။

တိုက်ခိုက်မှုများအတွင်း စစ်သွေးကြွ စုစုပေါင်း ၂၀ သေဆုံးပြီး အကြမ်းဖက်တိုက်ခိုက်မှုကျူးလွန်သူဟု သံသယရှိသူများကို စစ်ဆေးမေးမြန်းနေကြောင်း အစ္စရေးစစ်တပ်က မှတ်ချက်ပြုပြောကြားသည်။ သေဆုံးသူများတွင် ဟားမတ်စ်စစ်ဆင်ရေး အကြီးအကဲ Faiq Mabhuoch လည်း ပါဝင်ကြောင်းနှင့် ၎င်းသည် ဆေးရုံတွင် အစ္စရေးတပ်ဖွဲ့ဝင်များနှင့် ထိပ်တိုက်ရင်ဆိုင်မှုအတွင်း သေဆုံးခဲ့ကြောင်း အစ္စရေးဘက်မှ ပြောကြားသည်။ ဂါဇာကမ်းမြောင်ရှိ အကြီးဆုံးဆေးရုံဖြစ်သည့် အယ်လ်ရှီဖာကို ယခင်ကတည်းက အစ္စရေးစစ်တပ်အနေဖြင့် ပစ်မှတ်ထားခဲ့သည်။

ကိုးကား-ဆင်ဟွာ ဘာသာပြန်-စိုးသူရ

ဗီယက်နမ်နိုင်ငံ၏ မြို့တော်ဟနွိုင်းတွင် သွေးလွန်တုပ်ကွေးရောဂါကူးစက်ခံရသူအရေအတွက် သုံးဆခန့်မြင့်တက်

ဟနွိုင်း မတ် ၁၉

ဗီယက်နမ်နိုင်ငံ၏ မြို့တော်ဟနွိုင်းတွင် ယခုနှစ်အစမှစတင်၍ သွေးလွန်တုပ်ကွေးရောဂါကူးစက်ခံရသူ ၅၁၃ ဦးကို မှတ်တမ်းတင်နိုင်ခဲ့ပြီး ၎င်းအရေအတွက်သည် ၂၀၂၃ ခုနှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက သုံးဆရှိကြောင်း ဒေသဆိုင်ရာမီဒီယာများက ဟနွိုင်းရောဂါထိန်းချုပ်ရေးဗဟိုဌာနကို ကိုးကား၍ မှတ်ချက်ပြုပြောကြားသည်။

မကြာသေးမီ ရက်သတ္တပတ်များအတွင်း မြို့တော်တွင် သွေးလွန်တုပ်ကွေးကူးစက်မှုနှုန်းမြင့်တက်လာခဲ့ကြောင်း ဗီယက်နမ်နယူးစ်သတင်းက ပြောကြားသည်။

Dong Da၊ Ha Dong၊ Hoang Mai ၊ Hai Ba Trung ၊ Bac Tu Liem ၊ Chuong My နှင့် Thanh Xuan ခရိုင်များတွင် သွေးလွန်တုပ်ကွေးလူနာဦးရေ အများဆုံးတွေ့ရှိရသည်။ ကျန်းမာရေးဦးစီးဌာနသည် ပြည်သူ့ကျန်းမာရေးကို အကာအကွယ်ပေးခြင်းနှင့် မြို့နယ်များတွင် ကျန်းမာရေးလုပ်သားအင်အားကိုထူထောင်ရန် ရည်မှန်းချက်ချမှတ်ထားသည်။ ၂၀၂၃ ခုနှစ်တွင် ဟနွိုင်း၌ သွေးလွန်တုပ်ကွေးရောဂါကူးစက်ခံရသူ ၃၆၇၉၅ ဦး ရှိကြောင်း ကျန်းမာရေး ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ဗီယက်နမ်နိုင်ငံတွင် ၂၀၂၃ ခုနှစ်အတွင်း သွေးလွန်တုပ်ကွေးဖြစ်ပွားသူ ၁၇၂၀၀၀ ကျော်တွင် သေဆုံးသူ ၄၃ ဦးရှိခဲ့သည်။

ကိုးကား-ဆင်ဟွာ ဘာသာပြန်-စိုးသူရ

၂၀၂၄ ခုနှစ်တွင် သီရိလင်္ကာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသွား ငါးသိန်းကျော် ရောက်ရှိ

ကိုလံဘို မတ် ၁၉

ယခုနှစ် မတ် ၁၄ ရက်အထိကာလအတွင်း သီရိလင်္ကာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသွား ငါးသိန်းကျော် ရောက်ရှိလာခဲ့ကြောင်း သီရိလင်္ကာနိုင်ငံ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အာဏာပိုင်အဖွဲ့ ၏ နောက်ဆုံးစာရင်းများအရ သိရသည်။

မတ် ၁၉ ရက်တွင်ထုတ်ပြန်သော သီရိလင်္ကာနိုင်ငံ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အာဏာပိုင်အဖွဲ့ ၏ အချက်အလက်များအရ ၂၀၂၄ ခုနှစ်လက်ရှိအချိန်အထိ သီရိလင်္ကာနိုင်ငံသို့ ကမ္ဘာလှည့် ခရီးသွား ၅၁၇၈၀၈ ဦး ရောက်ရှိလာခဲ့ပြီး ၂၀၂၃ ခုနှစ်အတွင်းက ကမ္ဘာလှည့်ခရီးသွား ငါးသိန်း ဝင်ရောက်ခဲ့ကြောင်း သိရသည်။

သီရိလင်္ကာနိုင်ငံ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အာဏာပိုင်အဖွဲ့ ၏ အချက်အလက်များအရ ရုရှား၊ အိန္ဒိယ၊ ဂျာမနီ၊ ဗြိတိန်၊ ပြင်သစ်နှင့် တရုတ်နိုင်ငံများသည် ၂၀၂၄ ခုနှစ်အတွင်း သီရိလင်္ကာနိုင်ငံသို့ လာရောက်သည့် ခရီးသွားအရေအတွက် အများဆုံးနိုင်ငံများဖြစ်ကြောင်း သိရသည်။

တစ်ချိန်တည်းမှာပင် သီရိလင်္ကာနိုင်ငံ ဗဟိုဘဏ်၏ အချက်အလက်များအရ ၂၀၂၄ ခုနှစ် ပထမနှစ်လအတွင်း ခရီးသွားလုပ်ငန်းမှ ဝင်ငွေအမေရိကန်ဒေါ်လာ ၆၈၇ ဒသမ ၅ သန်းရရှိခဲ့ပြီး ၂၀၂၃ ခုနှစ်အလားတူကာလထက် ၁၁၈ ဒသမ ၂ ရာခိုင်နှုန်း တိုးလာကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် မတ် ၁၉

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် မတ် ၁၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Htun Lin" Facebook အကောင့်ပိုင်ရှင် ဖြစ်သူ မွန်ပြည်နယ် မော်လမြိုင်မြို့နယ် မြေနီကုန်းရပ်ကွက်နေ ထွန်းလင်းအား ညနေ ၄ နာရီ ၅၅ မိနစ်တွင် မုဒွန်နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

မိုးညှင်းမြို့နယ်၌ ထိန်းချုပ်ဓာတုပစ္စည်း အမိုနီယမ်နိုက်ထရိတ် ၂၆ ဒသမ ၂၅ တန် သိမ်းဆည်းရမိ

နေပြည်တော် မတ် ၁၉

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်တွင် ထိန်းချုပ်ဓာတုပစ္စည်း အမိုနီယမ်နိုက်ထရိတ် ၂၆ ဒသမ ၂၅ တန် သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၁၆ ရက် မွန်းလွဲ ၂ နာရီတွင် မိုးညှင်းမြို့နယ်ကြာကြီးကွင်းကျေးရွာအနီးတွင် သန်းစိုးအောင်(ခ)လပြည့် မောင်းနှင်ပြီး သက်နိုင်ဦး(ခ)ဖိုးပိန် လိုက်ပါလာသည့် ယာဉ်နှင့် ဖြိုးသူကျော် မောင်းနှင်ပြီး ဝင်းဟိန်း လိုက်ပါလာသည့် ယာဉ်တို့ကို သတင်းအရ စစ်ဆေးရာဖွေရာ အဆိုပါယာဉ်နှစ်စီးပေါ်မှ ထိန်းချုပ်ဓာတုပစ္စည်း အမိုနီယမ်နိုက်ထရိတ် ၂၆ ဒသမ ၂၅ တန် သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက် ရှိကြောင်း သိရသည်။

သတင်းစဉ်

ပြစ်မှုကျူးလွန်သူများအား သိမ်းဆည်းရမိသည့် ထိန်းချုပ်ဓာတုပစ္စည်း အမိုနီယမ်နိုက်ထရိတ်များနှင့် အတူတွေ့ရစဉ်။

နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ သိမ်းဆည်းရမိ

နေပြည်တော် မတ် ၁၉

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်သိမ်းဆည်းရေးကို ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မတ် ၁၁ ရက်မှ မတ် ၁၇ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင်ကျွန်း ၁၄ ဒသမ ၃၉၁၈ တန်၊ သစ်မာ ၂၇ ဒသမ ၀၃၀၄ တန်၊ အခြား ၁၂၀ ဒသမ ၈၉၀၀ တန် စုစုပေါင်း ၁၆၂ ဒသမ ၃၁၂၂ တန်၊ ယာဉ်/ ယန္တရား လေးစီး၊ တရားခံ ၁၁ ဦး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

သတင်းစဉ်

✻ ကျောဖုံးမှ

ဖြစ်ပြီး ရောင်းချရန်လက်မှတ်ကျန်ရှိနေသေးပါက အထူးတန်းလက်မှတ်များကို ပွဲနေ့ဖြစ်သော မတ် ၂၁ ရက် နံနက် ၉ နာရီခွဲမှ ပွဲမစခင်အချိန်အထိ သုဝဏ္ဏဘောလုံးကွင်း ဂိတ်-၂ နှင့် ရိုးရိုးတန်းလက်မှတ်များကို ဂိတ်-၈ ၌ ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း၊ လက်မှတ်ဝယ်ယူမည့် ပရိသတ်များအနေဖြင့် မှတ်ပုံတင် သို့မဟုတ် ယာဉ်မောင်းလိုင်စင်ယူဆောင်လာရမည်ဖြစ်ပြီး မှတ်ပုံတင်တစ်ခုလျှင် လက်မှတ် နှစ်စောင်နှုန်းဖြင့် ရောင်းချပေးသွားမည်ဖြစ်ရာ လက်မှတ်ဈေးနှုန်းမှာ အထူးတန်းကျပ် ၅၀၀၀၊ ရိုးရိုးတန်းကျပ် ၂၀၀၀ သတ်မှတ်ထားကြောင်း သိရသည်။

ထို့ပြင် ဆီးရီးယား လက်ရွေးစင်အသင်းအနေဖြင့် မတ် ၂၀ ရက်တွင် ညနေ ၅ နာရီမှ ၆ နာရီအထိ လည်းကောင်း၊ မြန်မာ့လက်ရွေးစင်အသင်းအနေဖြင့် ည ၆ နာရီခွဲမှ စတင်၍ လည်းကောင်း သုဝဏ္ဏကွင်းအတွင်း official training ပြုလုပ်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ သိရသည်။

စိုးမြင့်အောင်

❍ လာဇီယိုအသင်းမှ

ဒါပေမဲ့ လက်ရှိအချိန်မှာ နည်းပြဆာရီ လာဇီယိုအသင်း နည်းပြအဖြစ်ကနေ နတ်ထွက်ခဲ့တာကြောင့် ဖရိဆီနိုနီအသင်းကို လာဇီယိုအသင်းက သုံးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တဲ့ ပွဲစဉ်မှာ လက်ထောက်နည်းပြ မာတူစီယယ်လိုက တာဝန်ယူကိုင်တွယ်ခဲ့တာဖြစ်ပါတယ်။

အသက် ၄၅ နှစ်အရွယ်ရှိ နည်းပြတူဒေါ်ဟာ ပြီးခဲ့တဲ့ဘောလုံးရာသီက မာဆေးလ်အသင်းနည်းပြအဖြစ် တာဝန်ယူကိုင်တွယ်ခဲ့တာဖြစ်ပြီး ပြင်သစ်ပထမတန်းပြိုင်ပွဲအမှတ်ပေးဇယားမှာ အဆင့်(၃)နေရာမှာ ရပ်တည်ခဲ့တာဖြစ်ပါတယ်။ ဒါ့ပြင် နည်းပြတူဒေါ်ဟာ အီတလီစီးရီးအေမှာဆိုရင်လည်း အူဒီးနီးစ်အသင်းနဲ့ ဗီရိုနာအသင်းတို့မှာ နည်းပြအဖြစ် တာဝန်ယူကိုင်တွယ်ခဲ့ဖူးတာ ဖြစ်ပါတယ်။

တူဒေါအတွက် လာဇီယိုအသင်းနဲ့အတူ စတင်ကိုင်တွယ်မယ့် ပွဲစဉ်ကတော့ မတ် ၃၀ ရက်မှာ ကစားမယ့် ဂျူဗင်တပ်အသင်းနဲ့ ပွဲစဉ်ဖြစ်ပြီး လာဇီယိုအသင်းဟာ လက်ရှိအချိန်မှာ အီတလီစီးရီးအေအမှတ်ပေးဇယား အဆင့်(၄)နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

ငွေကြေယ်

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

ဇာ-၃-၂၀၂၄ ပုဒ္ဓဟူးနေ့

MRTV HD

၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော်(ဟောရသုတ်၊ဝဠသုတ်)
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၅ သွားနှဲ့ဝတွင်းကျန်းမာရေး
၀၉:၁၅ ပဲယိုးစုံတန်ဖိုးကွင်းဆက်ပွဲ ပြိုးပိုပိုင်းဝန်းပူးပေါင်းဆောင်ရွက်ခို့
၀၉:၃၀ (၇၉)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြုတေး
၁၀:၀၀ သတင်းထဲကသတင်း
၁၁:၁၅ ကမ္ဘာတစ်လွှားအနုပညာသတင်းများ
၁၁:၃၀ ရွှေယုံစုံလင်အာဆီယံအစီအစဉ်
၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ **'ချစ်သူ့အနားကချစ်လိမ့်ပြာ'** (အပိုင်း-၂၀)
၁၃:၀၅ သီချင်းကြီးပဒေသာ
၁၃:၃၀ MRTV National News
၁၄:၄၅ (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ(ကွက်စိပ်ပြိုင်ပွဲ)(ဒါယနာရှင်(၀ဆမတန်း)အဆင့်)(တတိယဆု)"တိုလမဒ္ဒိတတော်" (ဦးမိုးဆန်း)(မွန်ပြည်နယ်)
၁၆:၀၀ Weekly Soccer Preview
၁၆:၃၅ မိုးဥတုတ်တင့်ဝေဆိုကရေးတီးအပွေ
၁၇:၁၀ ဂျပန်သို့ခရီးပည်ပန်းတိုင်ဆီ 'မြန်မာနိုင်ငံ၏နိုင်ငံရေး၊စီးပွားရေး၊လူမှုရေး' (အပိုင်း-၁)
၁၇:၂၅ Next Level
၁၇:၃၅ (၇၉)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြုတေး
၁၈:၀၀ မြည်တွင်းသတင်း
၁၈:၃၅ ရယ်မွှင်ပျော်(ဟာသတစ်ဆန်းရပ်ပြဇာတ်)'သားနှင့် ဂုဏဝင်'
၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'ချစ်သူ့အနားကချစ်လိမ့်ပြာ'** (အပိုင်း-၂၃)
၂၀:၀၀ မြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း
ဝိုင်းလေဝသအင်ဒြာအေန
၂၁:၀၀ သံစဉ်ဝေဖြာစတီဂီယိုတေးကမ္ဘာ
၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'ဝတ်ဝင်စားပွဲ'** (အပိုင်း-၁၀)

mitv

07:01 Evergreen Classic: Thatta Htar Na (Sein Lei Lei)
07:11 Myanmar Puppeteers (Tha Nge Taw Dance)
07:22 Discovering Tribes: Ancient Kayah- their life and customs
08:01 News
08:26 World Sparrow Day
08:32 Ecotourism: Bat Cave and Chatthin Wildlife Sanctuary
08:44 Myanmar Masterclass: Artist Phyu Soe Myint Kyaw
09:01 Sarus Crane in Myanmar
09:11 Tahbuhla Dam & Oakkan Chaungtha
09:23 Amazing: Sayargyi Nyein Chan Aung
09:35 A May Yay Yin Nat Festival (Episode-1)
09:51 Myanmar Childhood Games (Episode-1)
10:01 News

MRTV NRC

ရုပ်ဝိုင်း (၀၆:၀၀ မှ ၀၈:၀၀)
ကျောက်ရိုးတော်ဓါတ်ဧဝတီ
ရွှမ်း (၀၈:၀၀ မှ ၁၀:၀၀)
ဌေတြိဂံမြို့တော်
၀ (၁၀:၀၀ မှ ၁၂:၀၀)
သစ်ကြားသီးနှင့်ကျန်းမာရေး
ကချင် (၁၂:၀၀ မှ ၁၄:၀၀)
လီဆူတိုင်းရင်းသားတို့ရဲ့တစ်နေ့တာလုပ်ငန်း
ကယား (၁၄:၀၀ မှ ၁၆:၀၀)
ထိန်းသိမ်းစိုလေရိုးရာအပွေ
ဗဟကကရင် (၁၆:၀၀ မှ ၁၈:၀၀)
ဟာလကာသီးမှပေးသောသင်ခန်းစာ
အင်္ဂနာက်ပြိုးကရင် (၁၈:၀၀ မှ ၂၀:၀၀)
စွန့်စစ်ဂုဏ်ပေးပျာမှတန်ဖိုးဖြင့်လူသုံးကုန်လက်မှုထည်များဆီသို့
အင်္ဂရေ့ ပြိုးကရင် (၂၀:၀၀ မှ ၂၃:၀၀)
ကရင်ဒီဒိုင်နာတိတိနှင့်တွေ့ဆုံမေးမြန်းခြင်း
ချင်း (လိုင်ဇိုး) (၂၃:၀၀ မှ ၂၀:၀၀)
ရသာချိုမြိန် ချင်းရိုးရာမျှစ်ပင်းရည်ဘိုင်
ချင်း (ဆျိုး) (၂၀:၀၀ မှ ၂၁:၀၀)
မြေဆွေးပုံတယ်လိုပြုလုပ်မလဲ
မွန် (၂၁:၀၀ မှ ၂၃:၀၀)
စကားပုံများမှမှတ်သားစရာ(ပိုင်ရှင်မြေတော့နေသေးလိုချင်သူအတွက်တော့ရင်ဖုသည်ပြီး)

MRTV NEWS

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၃၀ အားကစားသတင်း
၀၇:၄၅ Football Highlights
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၂:၄၅ ကမ္ဘာတစ်လွှားအနုပညာသတင်းများ
၁၃:၀၀ MRTV National News
၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
၁၆:၀၀ သတင်းမုန်ကဏ္ဍ (LIVE)
၁၇:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၃၀ နိုင်ငံတကာသတင်း (LIVE)
၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

MRTV PARLIAMENT

၀၇:၀၀ အဖွင့်၊ အလံ
၀၇:၃၀ ဥပဒေရေးရာအကြောကြာဇာတ်လမ်းတို **'ရာသက်ပန်ငါးဝိုင်းစိုရည်ခွဖယ်မှသာ'**
၁၀:၀၀ ပြည်ထောင်စုဝေးကောင်စွဲကော်မရှင်၏ကြေညာချက်သတင်းများ
၁၀:၃၀ ဒီမိုကရေစီသို့သည်မှာ (အပိုင်း-၂)
၁၁:၀၀ နိုင်ငံတကာဌေးကောင်စွဲများအကြောင်း (ကိုရီးယားနိုင်ငံ) (အပိုင်း-၁)
၁၁:၃၀ ဂရူသို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၂၁)
၁၈:၀၀ Economic review (အပိုင်း-၃၉)

MRTV FARMERS' HD

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နွားတံခွန်းဆက်
၀၆:၀၅ နိုင်ငံဝိမ်းပွားမြင့်မားဖို့စိုက်ပေးကဏ္ဍမြှင့်တင်ဖို့
၀၆:၄၅ စစ်ကိုင်းပြိုဂုဏ်ဆောင်ကြိမ်လက်မှုပညာ
၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ
၁၀:၀၀ Jingle Jangle: A Christmas Journey (နိုင်ငံခြားဇာတ်လမ်း)
၂၂:၀၀ ရှယ်လီကေသာ (ဇာတ်လမ်း)

MRTV SPORTS HD

၀၆:၀၀ အဖွင့်
၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
၁၁:၄၅ Sports Diary
၁၁:၃၀ MNL 2022 Match (Replay)
၁၃:၀၀ အားကစားသတင်း
၁၃:၃၅ Weekly MNL Review

MRTV Application
Android iOS Huawei

Education Channel ကို ဇွန်၃၀ ရက် (၈:၀၀)နာရီမှ တပ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။
https://mrtv.gov.mm

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ကြေညာချက်

၂၀၂၄ ခုနှစ်၊ မတ်လ ၁၉ ရက်၊ အင်္ဂါနေ့

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၄ ရက်နေ့တွင် ဥပဒေအမှတ် ၁၇/၂၀၁၀ ဖြင့် ပြဋ္ဌာန်းထားခဲ့သော ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် စတင်၍ အာဏာတည်စေရမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့ပြီး အဆိုပါပြည်သူ့စစ်မှုထမ်းဥပဒေကို အကြောင်းပြု၍ နိုင်ငံတည်ငြိမ်အေးချမ်းမှုကို အနှောင့်အယှက်ပြုလိုသော တရားမဝင်သစ္စာမဲ့သတင်းဌာနအချို့နှင့် လူပုဂ္ဂိုလ်အဖွဲ့အစည်းအချို့က သတင်းတု သတင်းမှားများဖြန့်ဝေပြီး ပြည်သူများစိုးရိမ်မှုလွန်ကဲစေရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိကြောင်း တွေ့မြင်နေရပါသည်။

၂။ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီသည် သတင်းတု သတင်းမှားများ ချေဖျက်နိုင်စေရေးနှင့် သတင်းအမှန်များ ပြည်သူလူထုထံ အမြန်ဆုံးရောက်ရှိနိုင်စေရေးအတွက် ဟောပြောဆွေးနွေးပွဲများပြုလုပ်ခြင်း၊ သင်တန်းများဖွင့်လှစ်ပို့ချခြင်းများကို လုပ်ဆောင်လျက်ရှိပြီး ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍လည်း သတင်းဌာနအသီးသီးရှိ သတင်းမီဒီယာသမားများ၊ စာပေပညာရှင်များကို ဖိတ်ကြား၍ ရှင်းလင်းဟောပြောဆွေးနွေးပွဲများ ပြုလုပ်ကာ သတင်းအမှန်များကိုသာ ရေးသားဖြန့်ဝေပေးကြရန် တိုက်တွန်းနှိုးဆော်ခဲ့ပါသည်။

၃။ ပြည်သူအများစုနှင့် ထိတွေ့ဆက်ဆံရသော ရပ်ကွက်ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ၏ ဆန္ဒစောဆောင်ရွက်မှု၊ ပြောဆိုမှုများကြောင့်ဖြစ်စေ၊ တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေလိုသော သစ္စာမဲ့သတင်းမီဒီယာအချို့၏ သတင်းမှားဖြန့်ဝေမှုကြောင့်ဖြစ်စေ၊ ပြည်သူများ စိုးရိမ်ထိတ်လန့်မှုများ မြင့်မားမလာစေရန်အတွက် သက်ဆိုင်ရာတာဝန်ရှိသူများက အဆင့်ဆင့်ပညာပေးထိန်းကျောင်းဆောင်ရွက်မှုများ ပြုလုပ်ကြရန်နှင့် သတင်းမီဒီယာသမားများအနေနှင့်လည်း သတင်းအမှန်များကိုသာ ဖြောင့်မတ်မှန်ကန်စွာ ရေးသားဖြန့်ချိကြရန်၊ ပြည်သူများအနေဖြင့်လည်း နိုင်ငံတော်ကာကွယ်ရေးတာဝန်သည် ပြည်သူအားလုံးနှင့် သက်ဆိုင်သည့် အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်သည့်အတွက် ပြည်သူ့စစ်မှုထမ်းဥပဒေကို ရှင်းလင်းပြည့်စုံအောင် လေ့လာကြရန် လိုအပ်ပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ

မတ္တရာမြို့နယ် ရွေးစုကျေးရွာမှ နာရေးကူညီမှုအသင်းရုံးနှင့် ကားများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ပစ်ခတ်ပြီး မီးရှို့ဖျက်ဆီးသွားကြောင်း သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် မတ် ၁၉

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ရွေးစုကျေးရွာကို မတ် ၁၈ ရက်က လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျေးရွာအတွင်း ပစ်ခတ်ဝင်ရောက်ပြီး နာရေးကူညီမှု ပရဟိတအသင်းရုံးနှင့်ကားကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း မဟုတ်မမှန် စွပ်စွဲရေးသားထားသည့် သတင်းတု၊ သတင်းအမှားများကို ပြည်သူများ အထင်အမြင်လွဲမှားစေရန် တရားမဝင်ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်ပေါ်တွင် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ပစ်ခတ်ခြင်းနှင့် မီးရှို့ဖျက်ဆီးခြင်းမရှိ

အဆိုပါသတင်းနှင့်ပတ်သက်၍ မတ္တရာမြို့နယ်မှ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ရွေးစုကျေးရွာမှ နာရေးကူညီမှုအသင်းရုံးနှင့် ကားများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ပစ်ခတ်ခြင်းနှင့် မီးရှို့ဖျက်ဆီးခြင်းမရှိကြောင်း သိရသည်။ မတ္တရာမြို့နယ်အတွင်း တည်ငြိမ်အေးချမ်းရေးနှင့် PDF အမည်ခံအကြမ်းဖက်သမားများ ဝင်ရောက်လှုပ်ရှားမှုမရှိစေရန်အတွက် ဒေသခံပြည်သူများနှင့် လက်တွဲ၍ နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိရာ မတ် ၁၈ ရက်က အများပြည်သူအသုံးပြုလျက်ရှိသည့် ရွေးစုကျေးရွာနှင့် လက္ကောင်းကြီးကျေးရွာသွား မြေသားလမ်းပေါ်တွင် PDF အမည်ခံအကြမ်းဖက်သမားများ ထောင်ထားသည့် လက်လုပ်မိုင်းများ တွေ့ရှိရသဖြင့် ပြည်သူများထိခိုက်မှုမရှိစေရန်အတွက် စနစ်တကျ ဖောက်ခွဲဖျက်ဆီးခဲ့ရကြောင်း သိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများသည် ပြည်သူများအား ထင်ယောင်ထင်မှားဖြစ်စေရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန်အတွက် ဖြစ်စဉ်ဖြစ်ရပ်များကိုအခြေခံကာ သတင်းတု၊ သတင်းအမှားများကို တစ်ဖက်သတ် စွပ်စွဲရေးသားဖြန့်ဝေခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ကလေးနည်းပညာတက္ကသိုလ်အနီးရှိ နေအိမ်အချို့ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန် စွပ်စွဲရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် မတ် ၁၉

စစ်ကိုင်းတိုင်းဒေသကြီး ကလေးနည်းပညာတက္ကသိုလ်အနီးရှိ ထိုမာကျေးရွာနှင့် ဇင်းကလင်းကျေးရွာကြားရှိ နေအိမ်အချို့ကို မတ် ၁၇ ရက်က လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက ပြည်သူများ အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန် စွပ်စွဲရေးသားထားသည်ကို တွေ့ရှိရသည်။

ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်တိုက်ခိုက်

အကြမ်းဖက်သောင်းကျန်းသူများနှင့် PDF အမည်ခံအကြမ်းဖက်သမားများသည် မြို့၊ ရွာများ တည်ငြိမ်အေးချမ်းလျက်ရှိပြီး ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနေသည်ကို မနာလိုမရှုဆိတ်ဖြစ်ကာ လက်နက်ကြီးများ၊ ဒရုန်းများဖြင့် အများပြည်သူနေထိုင်ရာ ကျေးရွာများအတွင်းနှင့် စာသင်ကျောင်းများ၊ တက္ကသိုလ်များကို ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် နေအိမ်များ၊ ပညာရေးအဆောက်အအုံများ မီးလောင်ပျက်စီးခဲ့ခြင်း၊ အပြစ်မဲ့ပြည်သူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ ထိခိုက်သေဆုံးခဲ့ရသည်။ ထို့အပြင် တက္ကသိုလ် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများကို ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်းနှင့် လူသားတံတိုင်းအဖြစ် ဖမ်းဆီးခေါ်ဆောင်ခြင်းများ လုပ်ဆောင်လျက်ရှိသည်ကို မိဘပြည်သူများ အနေဖြင့်လည်း သိရှိပြီးဖြစ်သည်။

ယခုဖြစ်စဉ်သည်လည်း အကြမ်းဖက်သောင်းကျန်းသူများနှင့် PDF အမည်ခံအကြမ်းဖက်သမားများက မတ် ၁၇ ရက်တွင် ကလေးနည်းပညာတက္ကသိုလ်အား လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လာရောက်တိုက်ခိုက်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ပြန်လည်တိုက်ခိုက်ခဲ့မှုကြောင့် အကြမ်းဖက်သမားများ ဆုတ်ခွာထွက်ပြေးသွားခဲ့ပြီး ကလေးနည်းပညာတက္ကသိုလ်အနီးရှိ နေအိမ်များကို မီးရှို့ထွက်ပြေးသွားခဲ့ကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး ပြောကြားချက်အရ သိရသည်။

အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ဒေသခံပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ဥစ္စာများကို ထောက်ထားငဲ့ညာမှုမရှိဘဲ ပြည်သူများနေထိုင်ရာ မြို့၊ ရွာများအတွင်းသို့ လက်နက်ကြီးများ၊ ဒရုန်းများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အပြစ်ပုံချကာ ပြည်သူများ အထင်အမြင်လွဲမှားစေရန်အတွက် မဟုတ်မမှန် လုပ်ကြံရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

အခြေခံပညာမူလတန်းဆင့်သင်လုပ်ငန်းဝင်စ ဆရာ ဆရာမများ စွမ်းရည်မြင့်မားရေး ဆွေးနွေးပွဲ ကျင်းပ

ပျဉ်းမနား မတ် ၁၉

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားခရိုင်၌ အခြေခံပညာမူလတန်းဆင့်သင်လုပ်ငန်းဝင်စ ဆရာ ဆရာမများ စွမ်းရည်မြင့်မားရေး (ခရိုင်အဆင့်) ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း(ပျဉ်းမနား)၌ ကျင်းပသည်။

ဦးစွာ ပျဉ်းမနားခရိုင်ပညာရေးမှူး ဒေါ်ဝင်းဝင်းအေးက အမျိုးသားပညာရေးရည်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် စွမ်းရည်မြင့်မားရေးဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း၊ အမျိုးသားပညာရေးဥပဒေတွင် ဆရာ ဆရာမများအားလုံး အရည်အသွေးရှိရန်လိုအပ်သည်ဟု ပြဋ္ဌာန်းထားသဖြင့် ဆရာ ဆရာမများအနေဖြင့် တွေးခေါ်ကြံဆ ဝေဖန်ပိုင်းခြားနိုင်သော အသိဉာဏ်ရှိ၍ ဗလငါးတန်နှင့်ပြည်စုံသည့် နိုင်ငံသားကောင်းများ ဖြစ်ထွန်းရေးကို ဦးတည်လေ့ကျင့် သင်ကြားပေးကြစေလိုကြောင်း ပြောကြားသည်။ ဆက်လက်၍ ပျဉ်းမနားခရိုင်ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်စိုးက သင်တန်းဆိုင်ရာ စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ အခြေခံပညာမူလတန်းဆင့်သင်လုပ်ငန်းဝင်စ ဆရာ ဆရာမများ စွမ်းရည်မြင့်မားရေး (ခရိုင်အဆင့်) ဆွေးနွေးပွဲကို မတ် ၁၉ ရက်မှ ၂၂ ရက်အထိ နည်းပြဆရာ ဆရာမ ၁၆ ဦး၊ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၂၂၇ ဦးဖြင့် ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

မျိုးသီဟ(ပြန်/ဆက်)

ဘင်္ဂလားပင်လယ်အော်အခြေအနေ

နေပြည်တော် မတ် ၁၉

ကပွလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပွလီပင်လယ်ပြင်တောင်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိသည်။

မိုး/ဇလ

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ

ပဲခူးတိုင်းဒေသကြီးဒေသဆိုင်ရာခရီးသွား လုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပ

ပဲခူး မတ် ၁၉

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာအစည်းအဝေးခန်းမ၌ မတ် ၁၉ ရက် နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ဦးဆောင်၍ တိုင်းဒေသကြီးဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီအစည်းအဝေး(၁/၂၀၂၄) ကျင်းပသည်။

စဉ်ဆက်မပြတ်ဆောင်ရွက်

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ဒေသတွင်းခရီးသွားများ လာရောက်လေ့လာလည်ပတ်နိုင်ရေး၊ဘာသာရေးပွဲတော်များ၊ယဉ်ကျေးမှုပွဲတော်များ၊ ရာသီအလိုက်ပွဲတော်များ ကျင်းပမည့် အစီအစဉ်များအား ခရီးသွားကုမ္ပဏီများနှင့် ချိတ်ဆက်၍ ကြိုတင်အသိပေးခြင်းများ ဆောင်ရွက်သွားရန်နှင့် မြို့နယ်အလိုက် Public Used ဧရိယာများ၊ အပန်းဖြေရန်နေရာများ ထပ်မံတိုးချဲ့ ဆောင်ရွက်ပေးသွားရမည် ဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်းနှင့်ပတ်သက်၍ နေရာကဏ္ဍအားလုံးတွင် မသန်စွမ်းသူများ အဟန့်အတားမဲ့ ခရီးသွားလာနိုင်ရေးကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်နှင့် မြို့ပြသန့်ရှင်းသာယာလှပစေရေး စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ အတွင်းရေးမှူးက ဟိုတယ်လုပ်ငန်းလိုင်စင်သက်တမ်းတိုးမှုများ၊ ဧည့်လမ်းညွှန် သက်တမ်းတိုးခြင်းနှင့် ဟိုတယ်လုပ်ငန်းလိုင်စင်အသစ် လျှောက်ထားခြင်းများအား တင်ပြခဲ့ရာ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးတင်ဦးက ဖြည့်စွက်ရှင်းလင်းတင်ပြခဲ့သည်။

ယင်းနောက် တက်ရောက်လာသည့် တိုင်းဒေသကြီးဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ အဖွဲ့ဝင်များက ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့ ၃၂ ဖွဲ့ ဖွဲ့စည်းထားရှိမှုနှင့် လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို တင်ပြခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်လမ်းညွှန်မှာကြားခဲ့သည်။

ပဲခူးတိုင်းဒေသကြီး၌ တည်ငြိမ်အေးချမ်းခြင်း၊ ရေမြေသဘာဝကောင်းမွန်ခြင်း၊ ခရီးသွားဝန်ဆောင်မှုများ ပြည့်စုံလာခြင်းတို့ကြောင့် နိုင်ငံတကာခရီးသွား ဧည့်သည်များအနေဖြင့် ၂၀၂၂ ခုနှစ် ဇူလိုင်လမှ ဒီဇင်ဘာလအထိ Package Tour ၆၅ ကြိမ်၊ ခရီးသွားဧည့်သည်စုစုပေါင်း ၈၃၉ဦး လာရောက်လည်ပတ်ခဲ့ပြီး ၂၀၂၃ ခုနှစ် ဒီဇင်ဘာလအထိ Package Tour ၂၁၇ ကြိမ်၊ ခရီးသွားဧည့်သည်စုစုပေါင်း ၄၇၃၇ ဦး လာရောက်လည်ပတ်ခဲ့သဖြင့် Package Tourအကြိမ်ရေနှင့် လူဦးရေပါ တိုးတက်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

(၇၉)နှစ်မြောက်တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မုံရွာမြို့ နန္ဒဝန်ရုပ်ကွက်ရှိ စည်သူလမ်း နိုင်လွန်းကတ္တရာလမ်းသစ်ဖွင့်

မုံရွာ မတ် ၁၉

(၇၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ နန္ဒဝန်ရုပ်ကွက် စည်သူလမ်း နိုင်လွန်းကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၁၉ ရက် နံနက်ပိုင်းတွင် အဆိုပါလမ်းသစ်မုခ်ဦးရှေ့တွင် ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က အမှာစကားပြောကြားသည်။

ယင်းနောက် မုံရွာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းထွန်းက စည်သူလမ်း နိုင်လွန်းကတ္တရာလမ်း ခင်းခြင်းလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းတင်စိုး၊ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသစ်ထူးမြင့်နှင့် မုံရွာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယအုပ်ချုပ်ရေးမှူးတို့က စည်သူလမ်း နိုင်လွန်းကတ္တရာလမ်းသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဘင်ခရာအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေကိုလည်းကောင်း၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ပန်းဖွားအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြပြီး စည်သူလမ်းနိုင်လွန်းကတ္တရာလမ်းသစ်အား ဖြတ်သန်းကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

နေပြည်တော် မတ် ၁၉

တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင် ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။ **မိုး/ဧလ**

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၀-၃-၂၀၂၄ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိး	တောင်ကြီး	လွိုင်ကော်	ဟားခါး	ကျိုင်းတုံ
92 Ron	၂၇၃၀	၂၇၈၀	၂၇၇၅	၂၇၄၀	၂၇၈၀	၂၈၀၅	၂၇၈၅	၂၇၆၅	၂၈၆၅	၂၈၈၀	၂၇၇၀	၂၇၈၀	၂၈၁၅	၂၈၂၀	၂၈၂၀	၃၀၅၀	၃၁၅၀
95 Ron	၂၈၄၅	၂၈၉၅	၂၈၉၅	၂၈၅၅	၂၈၉၅	၂၉၁၅	၂၉၀၀	၂၈၈၀	၂၉၃၅	၂၉၉၅	၂၈၈၅	၂၉၀၀	၂၉၃၀	၂၉၃၀	၂၉၃၅	၃၁၆၅	၃၂၂၀
HSD (500 ppm)	၂၄၃၅	၂၄၈၅	၂၄၈၀	၂၄၄၅	၂၄၈၀	၂၅၀၅	၂၅၀၀	၂၄၇၀	၂၅၀၀	၂၅၀၀	၂၄၇၅	၂၄၈၅	၂၅၂၀	၂၅၂၀	၂၅၂၅	၂၆၀၅	၂၆၄၀
HSD (50 ppm)	၂၄၈၀	၂၅၃၀	၂၅၂၅	၂၄၉၀	၂၅၃၀	၂၅၅၀	၂၅၄၅	၂၅၁၅	၂၅၃၀	၂၅၃၀	၂၅၂၀	၂၅၃၀	၂၅၆၅	၂၅၆၅	၂၅၇၀	၂၆၀၀	၂၆၃၅
HSD (10 ppm)	၂၄၈၀	၂၅၃၀	၂၅၂၅	၂၄၉၀	၂၅၃၀	၂၅၅၀	၂၅၄၅	၂၅၁၅	၂၅၃၀	၂၅၃၀	၂၅၂၀	၂၅၃၀	၂၅၆၅	၂၅၆၅	၂၅၇၀	၂၆၀၀	၂၆၃၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၆၀၇	၂၆၉၂
95 Ron	၂၇၁၇	၂၈၀၅
HSD (500 ppm)	၂၃၁၉	၂၃၉၅
HSD (50 ppm)	၂၃၆၄	၂၄၄၀
HSD (10 ppm)	၂၃၆၄	၂၄၄၀

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၂၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

လက်ရည်စစ်ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

နေပြည်တော် မတ် ၁၉

မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့ ပူးပေါင်းကျင်းပမည့် လက်ရည်စစ်ဂေါက်သီးရိုက်ပြိုင်ပွဲကို ဧပြီ ၂၃ ရက်မှ ၂၄ရက်အထိ မန္တလေးမြို့ရှိ ရေတံခွန်တောင်ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်သည်။

လက်ရည်စစ်ဂေါက်သီးရိုက်ပြိုင်ပွဲတွင် Tour Pro၊ Senior Pro နှင့် Teaching Pro ဟူ၍ သုံးမျိုးခွဲ၍ ကျင်းပမည်ဖြစ်သည်။ လက်ရည်စစ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်လိုသူ အမျိုးသားဂေါက်သီးရိုက်အားကစားသမားအားလုံးသည် ဝါသနာရှင်အဆင့် (H'Cap 0–12) ရှိရမည်ဖြစ်ပြီး၊ Senior Professional အတွက်မူ ပြိုင်ပွဲကျင်းပမည့်နေ့တွင် အသက် (၅၀)ပြည့်ပြီးသူများသာဖြစ်ရမည်ဟု သတ်မှတ်ထားသည်။ လက်ရည်စစ်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ကစားသမားများအနေဖြင့် နှစ်ရက်ပေါင်းရိုက်ချက် ၁၅၂ ချက်ရရှိပါက Tour Pro အဆင့်၊ ၁၅၈ ချက်ရရှိပါက Teaching Pro အဆင့်နှင့် ၁၆၂ ချက်ရရှိပါက Senior Pro အဆင့်တို့အတွက် လက်ရည်စစ်ပွဲအောင်မြင်မည်ဖြစ်ပြီး မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရှိမည်ဖြစ်သည်။ ကစားသမားများသည် ဧပြီ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် ရိုက်ချက်ဖြင့် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ဧပြီ ၂၄ ရက် မွန်းလွဲပိုင်းတွင် အခြေခံဂေါက်သီးစည်းမျဉ်းများ ရှင်းလင်းခြင်းနှင့် ဖြေဆိုခြင်းပြုလုပ်ရမည်ဖြစ်သည်။ အဆိုပါလက်ရည်စစ်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးရိုက်အားကစားသမားများသည် ပြိုင်ပွဲဝင်ကြေး ကျပ်ခြောက်သောင်း ပေးသွင်း၍ ဧပြီ ၂၁ ရက် မွန်းလွဲ ၂ နာရီ နောက်ဆုံးထားကာ ဦးထွန်းကျော် ဖုန်း-၀၉ ၅၁၉၃၄၂ သို့ အမည်စာရင်းများပေးသွင်းနိုင်မည်ဖြစ်ကြောင်း သိရသည်။ **ကိုညီလေး**

သီပေါမြို့နယ်မှ သမိုင်းဝင်ပေါ်ကြိုမုဒ္ဒောစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပမည်

သီပေါ မတ် ၁၉

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်မှ ရှေးဟောင်းသမိုင်းဝင် ပေါ်ကြိုမုဒ္ဒောစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ကို သီပေါမြို့နယ် သံဃနာယကအဖွဲ့၏ ဦးဆောင်မှုဖြင့် တပေါင်းလဆန်း ၁၃ ရက်မှ တပေါင်းလပြည့် (မတ် ၂၂ ရက်မှ ၂၄ ရက်) အထိ ရှေးအစဉ်အလာအတိုင်း စီစဉ်ကျင်းပသွားမည်ဖြစ်သည်။

ယခုနှစ် သမိုင်းဝင်ပေါ်ကြိုဘုရားပွဲတော်ကို ဆရာတော်၊သံဃာတော်များကအသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်း၊ ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆက်ကပ်ခြင်း၊ လှူဖွယ်ဝတ္ထုနှင့် ဆွမ်းဆန်စိမ်းလောင်းလှူခြင်း၊ တပေါင်းလပြည့်နေ့တွင် ကောင်းမှုအစုစုတို့အတွက် ရှမ်း-မြန်မာနှစ်ဘာသာဖြင့် ရေစက်သွန်းချ အမျှပေးဝေခြင်းတို့ဖြင့် အစဉ်အလာမပျက် စီစဉ်ကျင်းပသွားမည်ဖြစ်သည်။ ဘုရားပွဲတော်ရက်အတွင်း သံဃာတော်များအား ဆွမ်းဆက်ကပ်ရန်နှင့် လိုအပ်သည့် အဆောက်အအုံဆောက်လုပ်သွားရန်အတွက် သီပေါမြို့ တုံစင့်ကျေးရွာမှ ဦးစိုင်းဆန်စိုင်းမိသားစုက အလှူငွေကျပ် ငါးသိန်းကို ပေါ်ကြိုဘုရားကြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစိုင်းသာညွန့်ထံ ယနေ့လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

၂၁၀

(၇၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကော့ဒိုက်ပြင်-ကော့မူးသွေ ကွန်ကရစ်လမ်းသစ်ဖွင့်

ဘားအံ မတ် ၁၉

(၇၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကရင်ပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဘားအံမြို့နယ်အတွင်း ပြည်နယ်ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် အနန္တာမြေကုမ္ပဏီက တာဝန်ယူဆောင်ရွက်သော ကော့ဒိုက်ပြင်-ကော့မူးသွေ ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီက အဆိုပါလမ်းမုခ်ဦး၌ ကျင်းပသည်။

ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ယနေ့ဖွင့်လှစ်သည့် လမ်းသည် ကရင်-မွန် ပြည်နယ်ချင်းဆက်လမ်းဖြစ်သော ဘားအံ-ဇာသပြင်အဖြောင့်လမ်းအား ချိတ်ဆက်ထားသည့်လမ်းဖြစ်သည့်အတွက် ပြည်နယ်နှစ်ခုလုံးသို့ ထုတ်ကုန်စီးဆင်းနိုင်သည့် အဓိကလမ်းဖြစ်ပြီး ကျေးလက်ထုတ်ကုန်များ ကုန်ကျစရိတ်သက်သာစွာဖြင့် စွေးကွက်သို့ အမြန်ဆုံးရောက်ရှိခြင်း၊ ကျေးလက်နေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စရပ်များ အဆင်ပြေချောမွေ့၍ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိစေမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးစောကျော်ဝင်းက လမ်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ကျေးလက်နေပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ ညွှန်ကြားရေးမှူး(မြို့ပြ)က လမ်းဖွင့်ပွဲ အထိမ်းအမှတ်လက်ဆောင်များအား ပေးအပ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ကွန်ကရစ်လမ်းသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဖြတ်သန်းကြည့်ရှုစစ်ဆေးကြသည်။

ယနေ့ဖွင့်လှစ်သော ကော့ဒိုက်ပြင်-ကော့မူးသွေ ကွန်ကရစ်လမ်းသစ်သည် စုစုပေါင်းလမ်းအရှည် ၁ မိုင် ၃ ဖာလုံရှိသည့်အနက် မူလကွန်ကရစ်လမ်းနှစ်ဖာလုံရှိပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၅၂၇ ဒသမ ၅၄၉ သန်းဖြင့် အနန္တာမြေကုမ္ပဏီက မြေသားတာပေါင်ချခြင်း လုပ်ငန်းအပါအဝင် ၁၄ ပေအကျယ် ကွန်ကရစ်လမ်း ၁ မိုင် ၁ ဖာလုံနှင့် ပေ ၂၀ ကွန်ကရစ်တံတားတစ်စင်းအား တင်ဒါအောင်မြင် ဆောင်ရွက်ပြီးစီးသည့်အတွက် ကျေးရွာကိုးရွာ၊ အိမ်ခြေ ၄၄၂ အိမ်နှင့် လူဦးရေ၂၀၅၅ဦးကို အကျိုးပြုစေမည်ဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

တံတားမြို့နယ်၌ မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်း စစ်ဆေး

တံတား မတ် ၁၉

ရန်ကုန်တိုင်းဒေသကြီး တံတားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေများဖြင့် မြေသားရေကန်တူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့ နံနက် ပိုင်းတွင် တာဝန်ရှိသူများက ကွင်းပေါက်ကျေးရွာ၌ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ တံတားမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယဉ်ယဉ်ဌေး၊ ဦးစီးအရာရှိ (နည်းပညာ) ဦးပြည်စုံ မောင်မောင်တိုးနှင့် အင်ဂျင်နီယာ ဝန်ထမ်းများသည် ကွင်းပေါက်ကျေးရွာတွင် အလျားပေ ၁၅၀၊ အနံပေ ၁၅၀၊ အနက် လေးပေရှိ မြေသားရေကန်တူးဖော်ခြင်းနှင့် ခံစည်းရိုးကာရံခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါမြေသားရေကန်တူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ဖေဖော်ဝါရီလ ပထမပတ်မှ စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး၏ ၉၈ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

JJJ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် မိသားစု ရန်ကုန်ပြည်သူ့ဆေးရုံကြီး နှလုံးရောဂါကုသရေးဌာနသို့ မတ် ၁၉ ရက်က အလှူငွေကျပ်သိန်း ၂၀ သွားရောက်လှူဒါန်းခဲ့ပြီး ဆေးဝါးကုသမှုခံယူလျက်ရှိကြသည့် လူနာများအား စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းစဉ်။

သတင်းစဉ်

ကျောက်တန်းမြို့နယ် ရှမ်းချောင်းကျေးရွာ၌ မြစိမ်းရောင် (ငါးကဏ္ဍာ)မှ ဝန်ထမ်းအိမ်ရာ RC နှစ်ခန်းတွဲ လွှဲပြောင်းပေးအပ်

ကျောက်တန်း မတ် ၁၉

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ရှမ်းချောင်းကျေးရွာ၌ မြစိမ်းရောင် (ငါးကဏ္ဍာ)မှ ဝန်ထမ်းအိမ်ရာ RC နှစ်ခန်းတွဲ လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ရှမ်းချောင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောက်တန်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးအရာရှိ ဦးခင်ဝင်းနှင့် တာဝန်ရှိသူများ၊ ရှမ်းချောင်းကျေးရွာ မြစိမ်းရောင်(ငါးကဏ္ဍာ)ကော်မတီအဖွဲ့တာဝန်ရှိသူများက အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ကျောင်းအုပ်ဆရာမကြီး ဒေါ်ဟေမာန်ထွန်းနှင့် ကျောင်းကော်မတီဝင်များထံသို့ ဆောက်လုပ်ပြီးစီးခဲ့သည့် ပညာရေးဝန်ထမ်းအိမ်ရာနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

သန့်ဇင်ထွန်း

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် လူသုံးကုန်ပစ္စည်းများရောက်ရှိလာမှု ကြည့်ရှုစစ်ဆေး

စစ်တွေ မတ် ၁၉

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်မှုအရ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် ရခိုင်ပြည်နယ်သို့ ပြန်လည်ထူထောင်ရေးပစ္စည်းများ ပို့ဆောင်ပေးလျက်ရှိရာ MV SUN SHINE သင်္ဘောဖြင့် စစ်တွေမြို့ဘက်စုံသုံးဆိပ်ကမ်းတွင် ရန်ကုန်မြို့မှ လူသုံးကုန်ပစ္စည်းနှင့် တည်ဆောက်ရေးပစ္စည်းများ ရောက်ရှိလာမှုကို ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် ကြည့်ရှုစစ်ဆေးကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် MV SUN SHINE သင်္ဘောတွင် ရခိုင်ပြည်နယ် အစိုးရအဖွဲ့နှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့၏ အစီအစဉ်ဖြင့် စစ်တွေမြို့အား ဓာတ်အား ဖြန့်ဖြူးနိုင်ရေးအတွက် မီးစက်ကြီးနှစ်လုံးနှင့် လူသုံးကုန်ပစ္စည်းများ၊ တည်ဆောက်ရေးပစ္စည်းများကို လူအင်အား၊ စက်ယန္တရားအင်အားများ အသုံးပြုကာ အတင်အချပြုလုပ်နေမှုနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့၏ အစီအစဉ်ဖြင့် ရန်ကုန်မြို့မှ စစ်တွေမြို့သို့ အမ်ဗီရွှေသုဝဏ်သင်္ဘောဖြင့် ရောက်ရှိလာသော စားသောက်ကုန်များ၊ ပစ္စည်းများအား အတင်အချပြုလုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

MV SUN SHINE သင်္ဘောတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့က မှာယူသည့် စားအုန်းဆီ၊ စက်သုံးဆီ၊ ဆေးဝါးများ၊ စားသောက်ကုန်ပစ္စည်းများ၊ တည်ဆောက်ရေးသုံးပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ၊ စစ်တွေမြို့ အဆင့်မြှင့်တင်ရေးအတွက် လိုအပ်သော ပစ္စည်းများ စုစုပေါင်း ၁၅၆၁ ဒသမ ၄၆ တန် တင်ဆောင်၍ စစ်တွေမြို့သို့ရောက်ရှိလာခြင်းဖြစ်သည်။

ရခိုင်ပြည်နယ်သို့ ပြန်လည်ထူထောင်ရေးပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းများ ပို့ဆောင်ပေးလျက်ရှိရာ ယခုဆိုလျှင် သုံးကြိမ်မြောက် ရောက်ရှိလာခြင်းဖြစ်ကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)

ကျိုင်းတုံမြို့ အမှတ်(၁)ရပ်ကွက်နှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် မတ် ၁၉

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့ အမှတ်(၁) ရပ်ကွက်နှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါရပ်ကွက်ရှိ အာခါဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဖျားနာရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာ ရောဂါ၊ နား၊ နာခေါင်း၊ လည်ချောင်းရောဂါ၊ အရိုးအကြောရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ သံဃာတော် ၁၁ ပါးနှင့် ဒေသခံပြည်သူ ၁၀၉ ဦး တို့ကို လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်ကုသပေးခြင်း၊ ဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးခြင်းနှင့် ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူးဗိုလ်ချုပ်အောင်ခိုင်ဝင်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး အာခါဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်း ကျောင်းထိုင်ဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ကော့သောင်းမြို့၌ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးသင်တန်းဖွင့်လှစ်

ကော့သောင်း မတ် ၁၉

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် တိုင်းဒေသကြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာနနှင့် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနတို့ ပူးပေါင်း၍ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးသင်တန်းကို ကော့သောင်းမြို့ လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်း (၁)မိုင် ကြေးနန်းဝင်းခန်းမ၌ ယနေ့နံနက်ပိုင်းက ဖွင့်လှစ်ပို့ချသည်။

အခမ်းအနားတွင် ကော့သောင်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးအောင်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန(မြို့နယ်ရုံး) ကော့သောင်းမြို့မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးညီမောင်ရွှေက တနင်္သာရီတိုင်းဒေသကြီး ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီ၏ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားခဲ့သည်။

ယင်းနောက် သင်တန်းပို့ချမှုများ ဆက်လက်ဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့နယ် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၊ ခရိုင်လူမှုဝန်ထမ်းဦးစီးဌာန၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ခရိုင်စားသုံးသူရေးရာဦးစီးဌာနတို့မှ တာဝန်ရှိသူများက ကလေးသူငယ်များ၏ ဥပဒေပါအခွင့်အရေးများ၊ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများအား ပို့ချရှင်းလင်းဆွေးနွေးခဲ့ကြောင်းနှင့် အသိပညာပေးသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၅၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

လှည်းကူးမြို့နယ်၌ ဥပဒေတသန္တိသုတ်ဒေသနာတော် ရွတ်ဖတ်ပူဇော်ပွဲ ကျင်းပ

လှည်းကူး မတ် ၁၉

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် မဟာအတုလ သကျမာန်အောင်ဆုတောင်းပြည့် ငါးထပ်ကြီးမြတ်စွာဘုရားတွင် ဥပဒေတသန္တိသုတ်တော် ရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းကကျင်းပသည်။

ဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ် ရွတ်ဆိုဖွင့်လှစ်ခဲ့ကြပြီး မြို့နယ် သံဃနာယကအဖွဲ့ဝင် ဆရာတော် ဘဒ္ဒန္တ သြဘာသက စိန်ရောင်ခြည်ဂါထာတော်ဖြင့် ဘုရားပင့်ဖိတ်ပြီး ဥပဒေတသန္တိသုတ်တော်ဂါထာ နာကြားနိုင်ရန်အတွက် အောင်ချမ်းသာဆရာတော် ဘဒ္ဒန္တပညာဝရက သမ္မာဒေနတ်ဗြဟ္မာ အပေါင်းတို့ကို ဖိတ်ကြားခဲ့သည်။

ဆက်လက်၍ သာသနာ့ရိပ်သာရပ်ကွက် နိဗ္ဗာန်ဆိပ်ဦး မဟာစည်ရိပ်သာဆရာတော် ဘဒ္ဒန္တ ဓမ္မာလင်္ကာရထံမှ အခမ်းအနားသို့ တက်ရောက်လာကြသည့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲထွန်းနောင်၊ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များနှင့် ဧည့်ပရိသတ်အပေါင်းတို့က ငါးပါးသီလခံယူ ဆောက်တည်ခဲ့ကြပြီး ဆရာတော်များနှင့် ပရိသတ်အပေါင်းတို့ကလည်း ဣတိပိသောအစချီသော ရတနာမြတ်သုံးပါး ဂုဏ်တော်တို့ကို ရွတ်ဖတ်ပူဇော်၍ သံဃာတော်များက ဥပဒေတသန္တိသုတ်တော်ကို အလှည့်ကျဆက်လက်ကာ ရွတ်ဖတ်ပူဇော်ခဲ့ကြကြောင်း သိရသည်။

ဥပဒေတသန္တိသုတ်တော်ရွတ်ဖတ်ပူဇော်ပွဲကို မတ်၁၉ရက်မှ ၂၁ရက်အထိ မဟာအတုလသကျမာန်အောင် ဆုတောင်းပြည့် ငါးထပ်ကြီးမြတ်စွာဘုရားတွင် ရွတ်ဖတ်ပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။

ဉာဏ်ဟိန်း

တံတားဦးမြို့၌ မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြ ဇာတ်တိုက်လေ့ကျင့်

တံတားဦး မတ် ၁၉

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် မီးသတ်ဦးစီးဌာနက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးနှင့် မီးဘေးအန္တရာယ် မဖြစ်ပေါ်စေရေးအတွက် ယနေ့နံနက် ၁၀ နာရီက boc စက်သုံးဆီ အရောင်းဆိုင်တွင် လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြခြင်းကို ဆောင်ရွက်ကြောင်း သိရသည်။

သရုပ်ပြပွဲတွင် တံတားဦးမြို့ boc စက်သုံးဆီအရောင်းဆိုင်တာဝန်ခံ မန်နေဂျာ ဦးငြိမ်းချမ်းဇော်က သရုပ်ပြဆောင်ရွက်ခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ပွင့်လင်းရာသီကာလသို့ ရောက်ရှိလာပြီဖြစ်၍ ပြည်သူများ မီးဘေးအန္တရာယ်ကင်းဝေးစေရန်အတွက် မြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူအောင်က ပညာပေးဟောပြောပြီး မီးငြိမ်းသတ်နည်းများကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးဆောင်သော တပ်ဖွဲ့ဝင်များက လက်တွေ့သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်းနှင့် အရေးပေါ်မီးငြိမ်းသတ်မှုတွင် မီးသတ်ဆေးဘူးဖြင့် လည်းကောင်း၊ ရေစိုအဝတ်ဖြင့်လည်းကောင်း မီးငြိမ်းသတ်ခြင်းကို လက်တွေ့သရုပ်ပြ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ရဲတင့်(ပြန်/ဆက်)

သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့

အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဦးစီးနိုင်အေး (A/RGN-၀၁၀၇၅၇)၊ [၁၂/အစန(နိုင်)၀၂၀၂၇၇] အမည်ပေါက်သည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၄၉ ရပ်ကွက်၊ ရှေးယား ၉ လမ်း၊ မြေကွက်အမှတ်(၉၇၀)၊ အကျယ်အဝန်း (၄၆x၆၀)ပေရှိ ဂရန်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ဝယ်ပိုင်ဆိုင်သူ ဒေါ်ဖြူဖြူအောင် [၁၂/စခန(နိုင်)၀၂၀၂၈]က လက်ရောက်ရယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဒေါ်ဖြူဖြူအောင်မှ ဝန်ခံကတိပြုလျက် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်မ ဒေါ်လပြည့်ဝင်း [၈/မကန(နိုင်)၂၃၇၉၈၁]မှ အရောင်းအဝယ်ပြုလုပ်မှုကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့် စာချုပ်စာတမ်းမှုရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ရောင်းဝယ်မှုကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်လပြည့်ဝင်း [၈/မကန(နိုင်)၂၃၇၉၈၁]
အမှတ်(၁၂၄၇)၊ အင်ကြင်းမြို့လမ်း၊ (၄၉)ရပ်ကွက်၊
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။
ဆက်သွယ်ရန်-၀၉-၄၅၁၇၄၄၈၁ ၀၉-၄၀၆၃၀၃၀၅၀

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ပုသိမ်ညွန့်စံပြရပ်ကွက်၊ စိတ္တသုခလမ်း၊ ၇ လွှာ (ဆဋ္ဌမထပ်)။ အမှတ်(၅၉)၊ အလျား ၂၅လေ x အနံ ၅၅ ပေရှိ တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်းနှင့်ပတ်သက်၍ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်တင်တင်ရီ [၁၂/တမန(နိုင်)၀၀၀စ၃၁]မှ တရားဝင် ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ကြည်ကြည်ဝင်း [၁၂/အစန(နိုင်)၀၃စ၀၁၇]ထံမှ ဆက်စပ်စာချုပ်စာတမ်းမှုရင်းများနှင့်တကွ တိုက်ခန်းအား လက်ရောက်ဝယ်ယူ ပိုင်ဆိုင်ထားသူဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဒေါ်တင်တင်ရီ
[၁၂/တမန(နိုင်)၀၀၀စ၃၁]

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ဆင့်ဆင့်ဦး (LL.B,D.B.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၉၂၉၉)
အမှတ်(၅၁)၊ မြို့သစ်(၁)လမ်း၊
ကျောက်မြောင်းအရှေ့၊ တာမွေမြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း- ၀၉-၄၃၁၃၀၈၅၆၊ ၀၉-၇၉၆၈၁၄၄၁၁

လယ်ယာမြေအရောင်းအဝယ်ကိစ္စအား ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ ထန်းတပင်မြို့နယ်၊ သံပုရာကုန်းကျေးရွာ၊ ကွင်းအမှတ်- ၂၄၂/သဲဖြူကွင်း၊ ဦးပိုင်အမှတ်-၂/၀၊ ပုံစံ (၇)တွင် ဦးသောင်းဦး [၁၂/ထတပ(နိုင်)၀၆၅၅၅၁] အမည်ပေါက် လယ်ယာမြေ (၆.၂၁)ဧကအား ဦးသောင်းဦးမှ တရားဝင်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဝါဝါသန်း [၁၂/ကတတ(နိုင်)၀၀၂၆၆] က အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းတန်ဖိုးငွေ၏ အချို့တစ်ဝက်ကို စရန်ငွေအဖြစ်ပေးချေ၍ စရန်ပေးစာချုပ် ချုပ်ဆိုထားပြီးဖြစ်ပါသည်။ အဆိုပါ လယ်ယာမြေအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို တည်ဆဲဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ တရားဝင်ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဦးစော်မျိုးအောင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၇၉၈၂)
အမှတ် (၁၁)၊ ဦးဘကျော်လမ်း၊ တာမွေလေးရပ်ကွက်၊ တာမွေမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၉ ၅၁၉၂၈၆၇

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၃B-ဈေးကန်း၊မြေကွက်အမှတ် ၁၀၉၊ဧရိယာ(၀.၀၄၇)ဧက၊မြေကွက်တည်နေရာအမှတ်(၇)၊ဂန္ဓမာလမ်း၊ဈေးကုန်းအနောက်ရပ်ကွက်၊အင်းစိန်မြို့နယ်၊ဦးသော်၊ဒေါ်တင်အေးအမည်ပေါက် B(အိမ်ယာမြေသတ်မှတ်)မြေအား၊အမည်ပေါက်ဦးသော်(၀၆၈)သည်(၂၃-၂-၉၀)ရက်နေ့တွင်လည်းကောင်း၊ဒေါ်တင်အေး(မိခင်)သည်(၁၉-၅-၂၀၁၈)ရက်နေ့တွင်လည်းကောင်း၊အသီးသီးကွယ်လွန်ခဲ့ကြသဖြင့်ဒေါ်စန်းစန်း(၁၃/တကန(နိုင်)၁၁၄၉၃၀)၊ဒေါ်ခင်အေးကြည်(၁၂/အစန(နိုင်)၀၀၆၂၅၀)တို့မှ သမီးအရင်းများတော်စပ်ကြောင်း၊မိဘများတွင်ငှင်းတို့ညီအစ်မ(၂)ဦးတည်းကို သာမွေးဖွားပါကြောင်း၊ငှင်းတို့ညီအစ်မ(၂)ဦးမှလွဲ၍အခြားသောမွေးချင်းတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ကိတ္တိမသား/သမီးများအဖြစ်လဲမွေးစားထားခဲ့ခြင်းလည်းမရှိပါကြောင်းဖော်ပြပါ မြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်အား လုံးတို့အားပြန်မှာလေ့ထုံးတမ်းဥပဒေနှင့်အမွေဆက်ခံခြင်းဆိုင်ရာဥပဒေတို့အရ ငှင်းတို့ညီအစ်မ(၂)ဦးကသာလွှင့်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ငှင်းတို့မှလွဲ၍ အခြားသောအမွေဆက်ခံပိုင်ဆိုင်မည့်သူတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း တရားရုံးကျမ်းကျိန်လွှာ-၂၄၈/၂၀၂၃(၇-၁၁-၂၀၂၃)၊ထပ်ဆင့် ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်းအမည်ပေါက်စာချုပ်၊နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာ၂၀၁၆ခုနှစ် မြေပုံကူးလျှောက်ထားခြင်းမှာအဆောက်အဦးဆောက်လုပ်ရန်မြေပုံကူးခြင်း ဖြစ်ကြောင်း၊ယင်းမြေပုံမူရင်းမှာအထားအသိုမှားယွင်းကာပျောက်ဆုံးသွားခဲ့ကြောင်း၊တရားရုံးကျမ်းကျိန်လွှာတင်ပြလာပါသဖြင့်တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး
(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ စီမံကိန်း(၂)၊ (၁၄)ရပ်ကွက်၊ အမှတ်- ၃၅ နေ ဦးကျော်သန်း [၇/ဇကန(နိုင်)၀၀၄၇၆၃]မှ (၁၆-၁၁-၂၀၁၆)ရက်စွဲဖြင့် ဒေါ်သန္တာခိုင် [၁၂/လမတ(နိုင်)၀၂စ၃၇၂]အား အထွေထွေကိုယ်စားလှယ်လွှဲစာ လွှဲအပ်ခဲ့ပါသည်။

ထို (၁၆-၁၁-၂၀၁၆)ရက်စွဲပါ အထွေထွေကိုယ်စားလှယ်လွှဲစာအား ယနေ့မှစ၍ လွှဲအပ်ခြင်းခံရသူ ဒေါ်သန္တာခိုင် [၁၂/လမတ(နိုင်)၀၂စ၃၇၂]မှ ဖျက်သိမ်းလိုက်ပြီဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်သန္တာခိုင်
[၁၂/လမတ(နိုင်)၀၂စ၃၇၂]

သစ်ပင်စိုက်မှ အရိပ်ရ၏ ရိပ်ခိုနားနေ အပန်းဖြေ၏

တစ်ဦးတည်း ဖြစ်ပါကြောင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်နေ ဒေါ်အေးမြန်ယ်၏မိခင် ဒေါ်ရီရီသန့် [၁၂/လကန (နိုင်) ၁၁၅၄၅၀]၏ အမည်မှန်မှာ ဒေါ်ရီရီသန့်နှင့် ဒေါ်ရီရီသန်း ဖြစ်နေသော်လည်း လူပုဂ္ဂိုလ် တစ်ဦးတည်း ဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၄၊ မြေကွက်အမှတ်- ၁၀၆၂။ မြေကွက်တည်နေရာအမှတ်- ၁၀၆၂။ ဗိုလ်ဖျိုလမ်း၊ ၄ ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် (မသန်းမြင့်) (CE-၀၅၈၃၀၇) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက်ထံမှ အရပ်စာချုပ် အဆက်အစပ်ဖြင့် ဝယ်ယူထားသူ ဦးစောသီဟမင်း [၁၃/လရန(နိုင်)၂၂၀၇၀၈]မှ ပါမစ်မူရင်း၊ အရပ်စာချုပ်အဆက်အစပ်များ၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ ဂရန်သစ်လျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေပေါ်တွင် မြေကွက်လပ်ဖြစ်ပြီး ကွင်းဆင်းသည်ကို သိရှိကြောင်း လျှောက်ထားသူမှ လက်မှတ်ရေးထိုးပေးပါသည်။ သို့ဖြစ်ပါ၍ ဦးစောသီဟမင်းမှ ဂရန်သစ်လျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး
(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်
စည်ပင်သာယာရေးကော်မတီ

နိုင်ငံ သာယာ ဝပြောဖို့ သဘာဝ တောတွေ ထိန်းသိမ်းစို့

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၁၁)ရပ်ကွက်၊ ကံဘဲဘူတာရုံ လမ်း၊ အမှတ်- ၈၊ ၉၊ ၁၀၊ ၁၃ ပေါ်တွင် ဆောက်လုပ်ထားသည့် (၂၅) ထပ်တိုက် အဆောက်အဦဟုခေါ်တွင်သည့် အကျယ်အဝန်း (၄၃၈.၈၄) စတုရန်းပေနှင့်ရှိ အခန်းအမှတ်- (A 1706)၊ (၁၇-လွှာ) ကွန်ဒိုတိုက်ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်း ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို သည် (၂၅-၁၀-၂၀၂၂)ရက်စွဲပါ စာချုပ် အရ ဦးမောင်မောင်သန်း [၁၂/ဗတထ(နိုင်)၀၁၈၀၂၉]မှ လက်ဝယ်ရှိပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိသော ကွန်ဒိုတိုက်ခန်း ဖြစ်ပါသည်။ အဆိုပါကွန်ဒိုတိုက်ခန်းအား ရောင်းသူထံမှ ကျွန်ုပ်၏မိတ်ဆွေ ဖြစ်သူမှ ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေ အဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ ကွန်ဒိုတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ အထောက်အထားမူရင်းများနှင့်အတူ ကြော်ငြာပါသည့်နေ့ရက်မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်သင်းသင်းမော်
တရားလွှတ်တော်ရှေ့နေ (စဉ် - ၈၈၂၆)
အမှတ် (၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁) ရပ်ကွက်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၅၀၀၃၁၂၄၂

ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၈/၃၇၊ ရန်ကြီးအောင်လမ်း၊ မြေကွက်အမှတ်- ၁၈၆/၁၀၊ ဧရိယာ (၂၀'x၆၀') ပါမစ်မြေအမျိုးအစားမြေကွက် နှင့် လူနေအိမ်ကို အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ပါကြောင်း **ဒေါ်နေစောထွန်း [၁၂/ရဃသ(နိုင်)၀၅၀၁၀၄၇]**က တစ်ဆင့်ပြန်လည်ရောင်းချခွင့်ရှိကြောင်း ဝန်ခံလျက် ရောင်းချရန်ကမ်းလှမ်းလာသည့် အပေါ် ကျွန်ုပ်မိတ်ဆွေ **ဦးနိုင်ဦးကျော်** [၁၂/အလန(နိုင်)၀၄၀၁၆၉၂]က ဝယ်ယူရန် သဘောတူသဖြင့် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ပြုလုပ်သည့်ပစ္စည်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူများမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးနိုင်ဦးကျော် [၁၂/အလန(နိုင်)၀၄၀၁၆၉၂]၏ လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်ဇင်မာအောင် (LL.B., D.B.L., D.M.L., D.I.L)
ဒေါ်သင်းအိခံ (LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၂၂၃) **အထက်တန်းရှေ့နေ(စဉ်-၅၆၀၂၈)**
အမှတ်- ၆၂ (ပထမထပ်)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၄၅၅၀၆၁၃၀၀

"ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့၊ အောင်မင်္ဂလာရပ်ကွက်၊ ကွင်းအမှတ်-၁၁၄၆(က)၊ ကွင်းအမည်- ပန်းဘဲတန်းကွင်း၊ ဦးပိုင်အမှတ် (၈)၊ ဥယျာဉ်ခြံမြေအမျိုးအစား၊ အဘွား ဒေါ်ငွေး အမည်ပေါက်၊ ဧရိယာ (၀.၁၄၇)ဧကရှိ၊ အိမ်ခြံမြေနှင့်စပ်လျဉ်း၍ အများသိစေရန်ကြေညာခြင်း"

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော (၁) ဒေါ်ခင်မြင့်၊ (၂) ဒေါ်စစ်၊ (၃) ဒေါ်အေးမြင့်၊ (၄) ဒေါ်မွန်မွန်မြင့်၊ (၅) ဒေါ်အေးအေးမော်(ခ) ဒေါ်မော်၊ (၆) ဒေါ်သင်းသင်းခိုင်၊ (၇) ဒေါ်လှမြင့်၊ (၈) ဒေါ်ခင်သန်း၀င်း၊ (၉) ဦးသန်းထွန်း၊ (၁၀) ဦးအေးရွှေ၊ (၁၁) ဦးလှငွေတို့၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေများဖြစ်သည့် ဒေါ်ခင်မြင့် ပါ- ၁၁ တို့သည် ဗမာလူမျိုး၊ ဗုဒ္ဓဘာသာကိုးကွယ်သူ၊ အဘိုး အဘွားများဖြစ်သော (ဦးကျောက် + ဒေါ်ငွေး)တို့၏ သားသမီးများဖြစ်သည့် (၁) ဒေါ်အုန်းရှိန်၊ (၂) ဒေါ်အုံးစိန်၊ (၃) ဒေါ်ထွေးစိန်၊ (၄) ဦးဖိုးလုံးတို့မှ ထွန်းကားသည့် "မြေးမြစ်"များဖြစ်ကြပါသည်။

ကျွန်ုပ်၏မိတ်ဆွေတို့နှင့် မောင်နှမတစ်ဝမ်းကွဲ တော်စပ်သည့် ဦးဘဝင်း (ဘ) ဦးဖိုးလုံး နေထိုင်လျက်ရှိသည့် **"လှည်းကူးမြို့၊ အောင်မင်္ဂလာရပ်ကွက်၊ ကွင်းအမှတ်- ၁၁၄၆(က)၊ ကွင်းအမည်- ပန်းဘဲတန်းကွင်း၊ ဦးပိုင်အမှတ် (၈)၊ ဥယျာဉ်ခြံမြေအမျိုးအစား၊ အဘွား ဒေါ်ငွေး အမည်ပေါက်၊ ဧရိယာ (၀.၁၄၇)ဧကရှိ ခြံမြေနှင့် နေအိမ် (၁)လုံးတို့မှာ အမွေပစ္စည်းအဖြစ်"**ကျန်ရစ်ခဲ့ပြီး (အဘိုး+အဘွား)တို့၏ အထက်ပါ အမွေပစ္စည်းအား မိဘများလက်ထက်အထိ ခွဲဝေခဲ့ကြခြင်း မရှိခဲ့ပါ။ အဆိုပါ အမွေဆိုင်ခြံမြေအတွင်း၌ ဦးဘဝင်း မိသားစုတို့မှ နေအိမ်ကို ပြုပြင်ထိန်းသိမ်း နေထိုင်လာခဲ့ခြင်းဖြစ်ပါသည်။

ထို့ကြောင့် ကျွန်ုပ်၏မိတ်ဆွေများဖြစ်သည့် ဒေါ်ခင်မြင့် ပါ- ၁၁ တို့၏ သဘောတူခွင့်ပြုချက်မရှိဘဲ အထက်ဖော်ပြပါ အမွေဆိုင်ပစ္စည်း အိမ်ခြံမြေအား အမွေဆိုင်တို့၏ အကျိုးနှင့်ဆန့်ကျင်လျက် ထုခွဲ ရောင်းချခြင်း အပေါင်အနှံမှစ၍ အခြားသူတစ်ပါးထံသို့ ရောင်းချ၊ ပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်းခြင်း၊ အာမခံကြေးအဖြစ် တင်သွင်းခွင့်တို့အား ပြုလုပ်ခွင့်မရှိပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဒေါ်ခင်မြင့် ပါ- ၁၁ ဦး၏ သဘောတူခွင့်ပြုချက်မရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ အဆိုပါ အမွေပစ္စည်းများအား အခြားသူတစ်ပါးထံသို့ ရောင်းချ၊ ပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်းခြင်း၊ အာမခံကြေးအဖြစ် တင်သွင်းခွင့်တို့အား ပြုလုပ်ဆောင်ရွက်လာပါက ဖြစ်ပေါ်လာမည့် ပြဿနာအရပ်ရပ် အားလုံးသည် ပြုလုပ်သူ၏တာဝန်သာဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ခင်မြင့် ပါ - ၁၂ ဦး၏ လွှဲအပ်ချက်အရ
ဦးမျိုးမင်းထွန်း (ခ) ကိုစ LL.B
တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၆၈၂၅)
အမှတ်(၃၉၆)၊ ပြည်တော်သာ(၆)လမ်း၊
ပြည်တော်သာရပ်ကွက်၊ လှည်းကူးမြို့။
ဖုန်း - ၀၉-၄၂၀၁၂၆၈၉၃၊ ၀၉-၉၇၄၁၂၂၀၉၅

"ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၆၅)ရပ်ကွက်၊ ပုလဲကန်လမ်း၊ ပုလဲမွန်အိမ်ရာ၊ တိုက်အမှတ်(၁၈)၊ အခန်းအမှတ်(၁၀၂)ဟုခေါ်တွင်သော (၂)ခန်းတွဲ (၄)ထပ်တိုက်၏ ပထမထပ်၊ (၁၁၇၅)စတုရန်းပေအကျယ်ရှိ တိုက်ခန်းအား မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၏ စုပေါင်းပိုင်အဆောက်အအုံ၊ တိုက်ခန်းပိုင်ဆိုင်ခွင့်မှတ်ပုံတင်စာအုပ် (Owner Book)ဖြင့် အမည်ပေါက်ပိုင်ဆိုင် ထားသူ ဦးကျော်ညွှန့် [၁၂/ဗတထ(နိုင်)၀၂၃၆၉၂]မှ မိမိသာပိုင်ဆိုင်ပြီး အရှုပ်အရှင်း ကင်းစွာဖြင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ထုတ်ဖော်ကမ်းလှမ်းပြောဆိုချက်အရ ကျွန်ုပ်မိတ်ဆွေမှ အပိုင်ဝယ်ယူရန်အတွက် စရန်ငွေများပေးချေထားပြီးဖြစ်ရာ အဆိုပါ အိုးအိမ်တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း မူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်ကြည်မွန်(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၀၅၂)
Ph: 09-43114141, 09-400101414

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

